
စိတ်ကူးချိုချိုအနုပညာ

# စစ်ကိုင်းဦးဘိုးသင်း

# မာယာကောသီ

ရ ာ ဇ ဝ င် ဝ တ္ထု တေ ာ် ကြီ း

အထူးတလည်နက်နဲသော သျှတ္တရများ ပြည့်ပြည့်ဝဝ ပါဝင်သည်။



ဒုတိယအကြိမ်


mgyoe.com

# စစ်ကိုင်းဦးဘိုးသင်း

# မာယာကောသိ

ရာဇဝင်ဝတ္ထုတော်ကြီး

အထူးတလည်နက်နဲသော သျှတ္တရများ ပြည့်ပြည့်ဝဝ ပါဝင်သည်။



ANB0054

2,000.00 KS

mgyoe.com

မဟာယာကေသီ၊ စစ်ကိုင်းဦးဘိုးသင်း
မျက်နှာဖုံးပန်းချီ - သီဟတေဇ
စာမျက်နှာ ၂၀၉ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဒီဇင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
ကိုတင်အောင်+မစန်းစာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# မာယာကေသီ

ရ ၁ ဇ ၀ င် ၀ တ္တု တော် ကြီး

စစ်ကိုင်းဦးဘိုးသင်း

အထူးတလည်နက်နဲသော သျှတ္တရများ
ပြည့်ပြည့်ဝဝ ပါဝင်သည်။

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာယာကောသီ

## အခန်း (၁)

ခေတ်အလျောက်ဒဏ္ဍာရီများသည် ကလေးသူငယ်များဖတ်ရန်နှင့် အပျော်ဖတ်ရန်အတွက်သာမဟုတ် တစ်ခါတစ်ရံ လူတစ်ယောက်အတွက် ဖြစ်စေ၊ လူတစ်စုအတွက်ဖြစ်စေ အတော်ပင် အဖိုးတန်ပေသည်။

ဒဏ္ဍာရီများသည် များသောအားဖြင့် မဖြစ်ကောင်းဖြစ်ခြင်း၊ မဖြစ်နိုင်ခြင်းတို့ကို ဖော်ပြခြင်းတို့ ဖြစ်ချေသည်။ အကြောင်းကို ဖော်ပြရသည်ရှိသော် ကုလားအုပ်နှင့် မြေခွေး၊ ယုန်တို့စကားပြောခြင်း၊ ကျားနှင့်ယုန်တို့ စကားပြောခြင်း၊ နဂါးနှင့်လူအကြောင်းပါခြင်း၊ ဘီလူးနှင့်လူအကြောင်းပါခြင်း၊ လူနှင့်တိရစ္ဆာန်အကြောင်းပါခြင်းတို့ ဖြစ်လေသည်။

၎င်းတို့ကို အချို့လူကြီးများနှင့် ခေတ်မောင်မယ်တို့ 'အလကားမဟုတ်မဟတ်များ'ဟုဆိုကြသော်လည်း ထိုဒဏ္ဍာရီတွင်ပါဝင်နေသောဝမ်းစာဖြစ်သည့်အကြောင်းများနှင့် အဓိပ္ပာယ်တို့သည်ကား အလွန်

mgyoe.com

လေးနက်ခြင်းရှိနေ၍ လောကတွင် များစွာအသုံးဝင်နေပေသည်။

အကယ်၍ ထိုကဲ့သို့ အနက်အဓိပ္ပာယ်တို့ မပါမရှိစေကာမူ ထို ဒဏ္ဍာရီများသည် အချို့လူများတို့အတွက် များစွာအသုံးဝင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုဒဏ္ဍာရီများကို အဟုတ်အမှန်ထင်နေတတ် ခြင်းကြောင့် ဖြစ်ချေသည်။

အချို့ ဒဏ္ဍာရီများမှာ ဇာတိမမှန်၍ ပျက်စီးတတ်ခြင်း၊ ဂုဏ်ရှင်တို့၏ ရမ်းကားခြင်း၊ အုပ်စိုးနေသော အာဏာပိုင်တို့၏ တရားမဲ့ပြုခြင်းတို့ကို ပြစ်မှုကင်းစေရန် ဒဏ္ဍာရီပြုလုပ်၍ ဖော်ထုတ်ပြဆိုရလေသည်။

ထို့ကြောင့် ဒဏ္ဍာရီသို့မဟုတ် မဟုတ်သောအကြောင်းတို့ကို ဖွဲ့နွဲ့ဆင်ထုတ်သော ဝတ္ထုတို့သည် ပညာရှိများ၏ အဆီအနှစ်ဖြစ်နေခြင်းကြောင့် အကျိုးရှိသောစာပေများပင် ဖြစ်နိုင်သောစာများလည်း ရှိကောင်းရှိပေသည်။

ထိုသို့သဘောအရ ဤဝတ္ထုကို စဉ်းစားကာ သတိပြုရာသည်။

ပုဂံခေတ် ပုဂံပြည် ကုက္ကိုတောင်ပဲ့ရွာ၌ တောင်သူကြီးလင်မယား ဦးတုတ်ပေါနှင့် ဒေါ်ချောတို့မှာ သမီးကလေး စောစောသည် အသင့်အတင့် ချောသော မိန်းကလေးတစ်ယောက်ဖြစ်လေသည်။ တစ်နေ့သော် ဦးတုတ်ပေါသည် ဤသို့ညည်းညူနေလေ၏။

အင်း... သည်ဆင်းရဲတွင်းကြီးကလည်း နက်လှချည်လား ဘယ်တော့များ သည်ဆင်းရဲခြင်းက လွတ်ပါ့မလဲ...။

တော့်... ကိုတုတ်ပေါ ညည်းမနေနှင့် အလုပ်လုပ်မှ သူများနည်းတူ ကြေးငွေ ချမ်းသာမှာပေါ့...။

မယ်ချောရယ် ငါလည်းကြိုးစားပြီးလုပ်တာပါပဲ။ ယာလည်းခုတ်တာပဲ၊ ဒါပေမဲ့ ဝမ်းစာကောင်းကောင်းလောက်တယ်လို့ကို မရှိဘူး၊ သမီးကလေးကလည်း အပျိုကြီးဖားဖား ဖြစ်လာပြီ၊ သူများနည်းတူ ဝတ်ချင်

mgyoe.com

mgyoe.com


တုပချင်တဲ့အရွယ်ပေါ့ကွယ်။ မရှိလို့မဝတ်ရတော့ ငါဘယ်မှာစိတ်ကောင်းမှာလဲ…။

'လာ သည်အနားတိုး ကျုပ်ပြောပြမယ်…'

'ဘာလဲကွဲ့…'

'ဟို မ,သက်ပုံတို့ လင်မယားရှိတယ် မဟုတ်လား…'

'အေး၊ ဒါဘာဖြစ်သလဲ…'

'သူတို့ အရည်းတစ်ပါးကို ကိုးကွယ်တယ်။ ဒါနှင့်ပဲ စီးပွားချမ်းသာတိုးတက်လာတာပဲ…'

'အေး၊ တို့လည်းကိုးကွယ်တာပေါ့ကွယ်။ ငါ အရည်းတစ်ပါးကို ပင့်ခဲ့ပါမယ်…'

ထိုသို့လျှင် ဆင်းရဲလှသော ဦးတုတ်ပေါနှင့် ဒေါ်ချောတို့သည် ချမ်းသာလိုသောသဘောနှင့် အရည်းတစ်ပါးကိုပင့်၍ ကိုးကွယ်ဆည်းကပ်နေလေ၏။

တစ်နေ့သော် ချမ်းသာလိုသော ဒေါ်ချောသည် အရည်းဆရာတော်အား ဤသို့ လျှောက်ထားလေ၏။

'တပည့်တော်မတို့အား ချမ်းသာလာအောင် မစတော်မူပါ ဘုရား'

'အင်း… ဒကာမကြီး ချမ်းသာအောင်ဆိုတာ မခဲယဉ်းဘူး…'

'အမိန့်ရှိတော်မူပါ ဘုရား…'

'ဒါနပြုရတယ်ကွဲ့…'

'တပည့်တော်မတို့ နေ့စဉ်ကိုယ်တော့်အား ဆွမ်းလောင်းနေတာပါပဲ ဘုရား…'

'အေး… အဲဒီအလှူကို အပြင်အပအလှူလို့ခေါ်တယ် ကြားလား..'

'တင်ပါ့…'

'အပြင်အပအလှူဆိုတာ ဟိုဘဝမှအကျိုးပေးတယ်'

mgyoe.com

mgyoe.com


'ယခုဘဝအကျိုးပေးတာကို လိုပါတယ် ဘုရား...'

မခဲယဉ်းဘူးပေါ့ကွယ်...'

'အမိန့်ရှိပါ ဘုရား...'

'အတွင်းအလှူကိုလှူရတယ်။ အတွင်းအလှူကို လှူမှ ချက်ချင်း အကျိုးပေးတယ်...'

'ဘယ်လိုလှူရမှာလဲ ဘုရား'

'ဆွမ်းဘောဇဉ်ဆိုတာဟာလည်း အရသာပဲ၊ လူတို့မှာ အရသာ တကာမှာ မေထုန် အရသာဟာ အမွန်မြတ်ဆုံး။ အရသာအရှိဆုံး။ ဒါကို လှူရတယ်။ သည်အလှူကို ကျောင်းလွှတ်ပူဇော်ခြင်းလို့ ခေါ်တယ်...'

'တင်ပါ့ တပည့်တော်မလှူပါ့မယ် ဘုရား...'

'ဒကာမကြီး၊ အသင်ဒကာမကြီးကတော့ ဒကာကြီးနှင့်ရှိနေလို့ မစင်ကြယ်ဘူး အပျိုစစ်စစ်ကိုလှူမှ စင်ကြယ်လို့ အကျိုးမြန်မြန်ပေးတယ်'

'တပည့်တော်မ ကိုတုတ်ပေါနှင့် တိုင်ပင်ပါဦးမယ် ဘုရား...'

'ဒကာမကြီး ကျုပ်တို့မှာလည်း သည်အလှူကိုခံရမယ်ဆိုတော့ အလွန်ဝန်လေးတယ်။ ဘာကြောင့်လဲဆိုတော့ သည်လိုအလှူမျိုးကို ခံယူရမယ့်ရဟန်းဟာ... ယူထိုက်အောင်တရားကို အထူးအားထုတ်ရတယ်။ ကျုပ်ဝန်ခံတာကတော့ ဒကာမကြီးတို့ကို အထူးစေတနာထားလို့ ဝန်ခံတာ'

'တင်ပါ့ဘုရား...'

အရည်းဆရာတော်ကား ကျောင်းသို့ပြန်ကြွသွားလေ၏။

ဒေါ်ချောကား ဦးတုတ်ပေါပြန်လာသောအခါ မိမိတို့ ချက်ချင်း ချမ်းသာနိုင်ရန် သမီးကလေးစောစောကို မိမိတို့ကိုးကွယ်သော အရည်း ဆရာတော်ဘုရားထံ ကျောင်းလွှတ်ပူဇော်ရန်တိုင်ပင်လေ၏။ ဦးတုတ် ပေါလည်း ပုဂံပြည်၌ မျက်မြင်သာဓက ထင်ရှားနေသကဲ့သို့ဖြစ်သော

mgyoe.com

mgyoe.com


ကြောင့် သဘောတူညီလေ၏။

စောစောကား မိဘတို့၏အလိုရှိသည်ကို သဘောမတူနိုင်သဖြင့် မိခင်ဖြစ်သူဒေါ်ချောသည် ဤသို့လျှင် သမီးအားနားချပြောဆိုရလေ၏။

'ငါ့သမီးလိမ္မာမှပေါ့၊ သိတတ်ရတယ်၊ ပုဂံရွှေမြို့တော်မှာ သူဌေးကြီးဦးသာဆောဆိုတာ ကျိုကျိုတက်ချမ်းသာပြီး မင်းသုံးတဲ့ သူဌေးကြီးဖြစ်နေတယ် သူ့မှာသမီးချောကလေးတွေ ငါးယောက်တောင်ရှိတယ်။ အကုန်လုံး သူတို့ကိုးကွယ်တဲ့ ဆရာတော်ဘုရားထံ လှူပြီးသားချည်းပဲ တဲ့ တို့ရွာထဲက ကိုသာဗြောနှင့် မိမိထူးတို့ကောအေ တို့မျက်စိရှေ့တွင်ပင် ချမ်းသာလာတယ်မဟုတ်လား။ အမြဲအတည်ယူရတာမှ မဟုတ်ပဲ ခုနစ်ညလောက်ပဲဟာ တစ်ညတစ်ညမှာလည်း ခဏကလေးပါအေ...'

စောစောကား အထူးအထွေ သူ့အမေအား မည်သို့မျှပြန်မပြောတော့ပေ။

လူတို့၌ အသိဉာဏ်သည်များစွာ အရေးကြီးလေသည်။ လူထုအသိဉာဏ် ခေါင်းပါးသောခေတ်၌... ယုတ်ညံ့သောအယူ၊ ယုတ်ညံ့သောဝါဒတို့သည် လွယ်လင့်တကူနှင့် တိုးဝင်လာတတ်လေသည်။

ခေတ်အလျောက် လူတို့အား ပညာသင်ပေးသည်ဆိုရာ၌ အရေးအကြီးဆုံးမှာ အသိဉာဏ်ရှိ၍ အကြောင်းမှန် အကျိုးမှန်ကို အနီးကပ်ဆုံးရနိုင်သမျှရအောင် အတတ်ပညာကို သင်ရလေသည်။

ယခုတရားမှန်ဟူ၍ ထွန်းကားသောခေတ်တွင်ပင် ရတနာသုံးပါးနှင့် ပတ်သက်ပြီးလျှင် ကိုးကွယ်ရာ၌ လောဘဇောကိုရှေးရှုကာ အချို့မှာ နေ့နံသင့်သစ်သားကို ရှင်သီဝလိကိုယ်တော်ပုံထု၍ လာဘ်သပ်ပကာ ရှင်စေခြင်းငှာဆောင်ထားခြင်း ကိုးကွယ်ခြင်းတို့ကို ပြုလေသည်။ အချို့မှာလည်း လာဘ်သပ်ပကာရှင်အောင် အိမ်ကိုမီးကွင်းအောင် စသည်တို့ဖြင့် ဒက္ခိဏာသာခါ မြတ်စွာဘုရားရုပ်တုတော်ကို အိမ်တွင်ကိုးကွယ်လေ

mgyoe.com

mgyoe.com


သည်။ ထိုသဘောသည် ဗုဒ္ဓဘာသာတရားနှင့် မည်ကဲ့သို့သဘောသက်ရောက်နေပါသနည်း…

ယခုခေတ်၌ပင် အချို့အချို့ ဈေးသည်များသည် ကုန်ရောင်းတွင်ကျယ်စိမ့်သောငှာ လူသူတော်ထံမှဖြစ်စေ၊ ဆရာတစ်ယောက်ယောက်ထံမှ ဖြစ်စေ လောကီကိုလိုက်စားနေသော ရဟန်းတစ်ပါးပါးထံက ဖြစ်စေ လက်ဖွဲ့များ၊ ရေမန်းများစသည်တို့ကို အရယူ၍ တောင်းဆိုကာ အသုံးပြုကြသည်။

လူတို့၌ အသိဉာဏ်အားလျော့စွာ အကြောင်းအကျိုးကိုမလိုက်စားခဲ့လျှင် လမ်းမှားကိုလိုက်သွားတတ်မိသည်မှာ သဘာဝကဲ့သို့ပင်လျှင် ဖြစ်ရတတ်ပေသည်။

စောစောသည်ကား မိဘများသဘောကျအောင် ကျောင်းလွှတ်ပွဲဖော်မှုကို သဘောတူရလေတော့ပြီ။ ထိုသို့ကျောင်းလွှတ်ပွဲဖော်ပြီး နောက်တစ်နေ့နေ့လယ်၌ ယာတောသို့သွား၍ ယာအမှုကို လုပ်နေ၏။ ထိုအချိန်တွင် ၎င်း၏ဆရာအရည်းသည် ရောက်လာ၍ ဘော်နီသာစွာတစ်ခွက်ကို ပေးကာ ဤသို့ပြောလေ၏။

'မိစော။ နင့်အတွင်း ဒါနမှုကြောင့် ငါ့ကျောင်းနားက ညောင်ပင်မှာစောင့်နေတဲ့ ရုက္ခစိုးက နင့်အားပေးရန် ငွေတစ်ခွက်လာပို့တာနဲ့ နင့်ထံငါလာပို့တယ်…'

'သည်အကြောင်းကို ဘယ်သူ့အားမှ မပြောနှင့် ငါ့ထံဒကာမတွေဝိုင်းနေမယ် နင့်အမေကိုတောင် မပြောနှင့် ဥစ္စာစောင့်ဘီလူးကြီးတစ်ကောင်က ဒါနအကျိုးလာပြီး… ပူဇော်သွားတယ်လို့ပြော ကြားလား…'

'တင်ပါ့…'

အရည်းကား စောစောကို မွေးပြီးသော်ပြန်လေ၏။

ဤနည်းဖြင့် အရည်းသည်တစ်ယောက်တည်း ယာစောင့်နေသော

mgyoe.com

စောစောထံသို့ ခဏခဏလာရောက်လေ၏။ အရည်းလည်း ဥစ္စာစောင့်ဘီလူးကပေးသည်ဟု စောစောအား ငွေခွက်အစိတ်ခန့်ထိအောင် ပေးလေ၏။

ထိုသို့နှင့် စောစော၌ ကိုယ်ဝန်ရှိလေ၏။ ထိုအခါ စောစောသည် အရည်းထံ သွားရောက်ပြီးသော် ဤသို့လျှောက်ထားပြောဆိုလေ၏။

'ကိုယ်တော် တပည့်ဖော်မှာ ကလေးရှိနေပြီ'

'အလို...'

'အလိုလုပ်မနေနှင့် ကိုယ်တော်လူပြု လူဝတ်လဲပါ...'

'ဟယ် စောစောနင်နားထောင်...'

'ဘာလဲ...'

'ငါ လူဝတ်လဲလို့ ယာမလုပ်ချင်ဘူး ပျင်းတယ်။ ဈေးမရောင်းတတ် လက်သမားလည်း မလုပ်တတ် ငါဘာကိုမှ မလုပ်ချင်ဘူး ပျင်းတယ်...'

'ဘယ့်နှယ်လုပ်မလဲ...'

'ငါလူဝတ်လဲရင် သူတစ်ပါးထံမှ ပူဇော်မှု၊ သမိုင်းရွတ်မှု၊ ဝါဆိုမှု၊ တရားဟောမှုဖြင့် လာဘ်ရမည်မဟုတ်...'

'မှန်ပါတယ်...'

'လာဘ်မရသော် နင့်အားငါထောက်ပံ့နိုင်ပါ့မလား။ နင်ဒါကို စဉ်းစား၊ ခုနင်တို့ ကြေးငွေအတော်ပင်တောင့်တင်းလာတယ် မဟုတ်လား...'

'ဒါဖြင့်ဘယ့်နှယ်လုပ်မလဲ ဘယ်သူ့သားရယ်လို့ ပြောမလဲ...'

'အေး ငါပြောမယ်မှတ်ထား...'

'ဟုတ်ကဲ့...'

'သူများကမေးရင် ယာခင်းစောင့်ရာမှ ဥစ္စာစောင့်ဘီလူးကြီးနှင့် ရနေလို့ သန္ဓေရှိတယ်၊ ဥစ္စာစောင့်ဘီလူးက ကြေးငွေများကို အမြဲထောက်

mgyoe.com

mgyoe.com


ပုံနေတယ်ပြော။ အဲဒီတော့ ငါ့အားအများကကြည်ညိုနေတာဟာ မပျက်လို့ လာဘ်ကောင်းကောင်းရမယ်။ နင့်အားလည်း ထောက်ပံ့နိုင်မယ်။ နင်ငါ့စကားကိုနားထောင်၊ ငါသွန်သင်ပေးသလိုသာနင်ပြော...'

'ကောင်းပါပြီ၊ မှန်မှန်သာထောက်ပံ့ပါ...'

*

ခေတ်၏သဘာဝကား ထိုခေတ်၏သဘောအတိုင်းဖြစ်နေပေသည်။ အရည်းသည် လူများသဘောကျသော ဒဏ္ဍာရီပုံပြင်ကို သူ၏အဖြစ်၌ ကာကွယ်အသုံးပြုလေပြီ။ ထိုသို့အသုံးပြုသည့်အတိုင်း ဒဏ္ဍာရီတွင်ပါသော ဘီလူးသည် အရည်းနှင့် စောစောတို့၏ အဖြစ်အပျက်၌ အတော်ပင်အသုံးဝင်ခြင်း ဖြစ်လေတော့သည်။

ထိုသဘောကို ရာဇဝင်လိုက်စားသူတို့သည် သတိပြုသင့်သည်။

သဘာဝအကြောင်းအကျိုးကို မသုံးတတ်သော စောစော၏မိဘ၊ စောစောတို့သည် ညံ့ဖျင်းသော်လည်း ပစ္စည်းဥစ္စာချမ်းသာမှုကို အလိုရှိပေသည်။ ထိုအလိုရှိမှုဖြင့် ဤသို့တွေ့ရပေသည်။ ထိုသဘောသည် မည်သည့်ခေတ်မှာမဆို သဘာဝအတတ်ပညာ ကျိုးကြောင်းပြ အတတ်ပညာတို့၌ မသိသောသူတို့တွင် တွေ့ရစမြဲဖြစ်ချေသည်။

စောစောမှာကား အရည်း၏ ကြိုကြားကြိုကြား ထောက်မမှုဖြင့် အနည်းငယ် သက်သာချောင်ချိလာလေ၏။

စောစောမှာ ကိုယ်ဝန်နေ့လစေ့သောအခါ သားကလေးတစ်ယောက်ကို ဖွားမြင်လေ၏။ ထိုသားကလေးကို အရည်းတစ်ဦး၏ ပရိယာယ်ဖြင့် ဘီလူးနှင့်သံဝါသဖြစ်သောသားဟု ထင်ရှားစေလျက် ယက္ခိုက်ဟုအမည်ပေးလေ၏။

စောစောမှာ သားကလေးနှင့်ဖြစ်သဖြင့် အလုပ်မလုပ်နိုင်သော်

mgyoe.com

mgyoe.com


လည်း အရည်းကပင် ထောက်ပံ့ထားသဖြင့် အသင့်အတင့်နေသား ထိုင်သားရှိနေလေ၏။ ထိုသားကလေး ခုနစ်နှစ်သားအရွယ်သို့ ရောက်လာသောအခါ အရည်းသည် စာပေအတတ်ပညာများ၊ မြင်းရေး၊ ဆင်ရေး၊ လှူရေးအတတ်ပညာများတို့ကို တစ်စတစ်စသင်ပေးလေ၏။

ထိုခေတ်၌ အရည်းတို့သည် လူပျင်း၊ လူညာ၊ လူဝါ၊ လူလိုးစားတို့ဖြစ်သော်လည်း ခေတ်အလျောက် အတတ်ပညာရှင်များဖြစ်ကြ၏။ ခေတ်သဘာဝနှင့်အညီ ထိုလူမျိုးစုကြီး၏ အတတ်ပညာဟောင်း မျိုးရိုးအတတ်ပညာများ၊ စာပေကျမ်းဂန်များတို့သည် အရည်းတို့၏ လက်ထဲ၌သာ စိတ်တွင်း၌လည်းကောင်း၊ ပေထဲ၌လည်းကောင်း၊ ပုရပိုက်ထဲ၌လည်းကောင်း တည်နေခြင်းဖြင့်ရှိကြလေ၏။

အရည်းတို့သည် မိမိတို့၏ ယုတ်မာသောအကျင့်တို့ကို လည်းကောင်း၊ ယုတ်ညံ့သောအကျင့်တို့ကို လည်းကောင်း လျှို့ဝှက်လျက်တစ်ညီတည်းပြုခြင်းဖြင့် ကြောင်လက်သည်းဝှက်အဖြစ်နှင့် တစ်ပေါင်းတည်း ဖြစ်ကြ၏။

အရည်းတို့သည် ထိုခေတ်၌ အတတ်ပညာရှင်များဖြစ်ကြသော်လည်း လူများစုအား အသိတရားနက်နဲခြင်းနှင့်ဆိုင်သော သဘာဝပညာကြောင်းကျိုးပညာတို့ကို သင်မပေးဘဲ မိမိတို့၏ တပည့်တပန်း နောက်ပါတို့အား မြင်းရေး၊ ဆင်ရေး၊ လှူရေးစသော တိုက်ခိုက်မှုအတတ်၊ လက်မှုပညာအတတ်၊ တောင်ယာလုပ်ကိုင်ခြင်းအတတ်၊ ကူးသန်းရောင်းဝယ်ရေးအတတ်ပညာလောက်တို့ကိုသာ လူနေမှုခိုင်မြဲတည်တံ့ရေးအတွက် သင်ပေးကြကုန်၏။

အရည်းတို့သည် လူများစုအား စာပေပညာ၊ သဘာဝပညာ၊ ကျိုးကြောင်းပညာ၊ သျှတ္တရပညာစသောစိတ်နှင့်ဆိုင်သည့် အတတ်ပညာတို့ကို မိမိတို့အား တော်လှန်မည့်အရေးကြောင့် သင်မပေးချေ။ ထို့ကြောင့်

mgyoe.com

mgyoe.com

ထိုခေတ်ကလူများသည် အများအားဖြင့် စက်ဆရာခိုင်းစေတိုင်း ပြီးမြောက်စေသော စက်ရုပ်ကဲ့သို့သာ ဖြစ်နေကြလေ၏။

မည်ကဲ့သို့လျှင် လူနေမှုအဆင့်အတန်းမြင့်၍ မည်မျှလောက်စည်းစိမ်ချမ်းသာနှင့် တည်ရစေကာမူ စာပေပညာ သဘာဝပညာ ကျိုးကြောင်းပညာတို့ဖြစ်သော စိတ်နှင့်ဆိုင်သည့်ပညာတို့ကို မတတ်ကျွမ်းခဲ့ချေသော် အောက်တန်းစား သာမန်လူအဆင့်အတန်း လူရိုင်းအဖြစ်မှ မလွန်နိုင်သေးသဖြင့် မိမိတို့ခိုင်းရာကိုသာ လုပ်ရမည်ဟု အရည်းတို့သည် ပြည်သူများတို့၏အပေါ်၌ သဘောထားကာ ညစ်ပတ်စဉ်းလဲခြင်း၌ တစ်ညီတည်း ဖြစ်နေကြလေ၏။

သို့သော် အချို့အရည်းမြင့်မြတ်သော စိတ်ထားရှိသူ၌ကား မိမိတို့နှင့်အတူ ရင်းနှီးသည့်ပြည်သားတစ်ယောက်တလေအား ဓမ္မသတ်၊ ရာဇသတ် ဗေဒင်ပညာ၊ ဗေဒင်ပညာစသော နှုတ်မှုပညာအနည်းငယ်တို့ကို သင်ပေးခြင်းကားရှိတုံသေး၏။

စောစော၏ သားကား အသက် ၁၃ နှစ်၊ ၁၄ နှစ်အရွယ်သို့ရောက်သောအခါ လူလုံးလူဖန် ဖွံ့ဖြိုး၍ ကာယဗလနှင့် ဆိုင်သော အတတ်ပညာတို့ကိုကောင်းစွာတတ်မြောက်လာ၏။ ထိုအခါ စောစော၏ အဖေသည် ကွယ်လွန်၍ သင်္ဂြိုဟ်လိုက်ရရာ၌ အရည်းတို့၏ ဝါဒအတိုင်း ကြေးငွေအတော်ကုန်ကျသွားလေ၏။

အဘယ်ကဲ့သို့နည်းဟူမူကား လူတစ်ယောက်သေသွားသောအခါ သုသာန်သို့မပို့မချင်း သေသည့်နေ့ကစ၍ အရည်းတို့အားပင့်ဖိတ်ကာ ဆွမ်းကျွေးရ၏။ ထိုသို့ပြုမှုသည် သေသူသည် ဘဝတစ်ပါး၌ ကောင်းစားရန် နတ်တို့က ကူညီဝိုင်းဝန်းထောက်ပံ့နိုင်ရန်ဟု အရည်းတို့ကပြောကြ၏။ ထို့နောက် သုသာန်သို့ပို့သောအခါ၌လည်း အရည်းတို့အား ရွှေငွေစသည်တို့ကို လှူကြရ၏။ ထိုသို့လှူခြင်းနှင့်အမျှ သင်္ချိုင်းစောင့်

mgyoe.com

mgyoe.com

ပြိတ္တာများက ခမ်းနားသောဘုံဗိမာန်နှင့် သေသူကို ဧည့်ခံနေသည်ဟု ဟောပြောကြ၏။ သုသာန်မှ မြေမြှုပ်ခြင်း၊ မီးရှို့ခြင်းစသည်တို့ကိုပြု၍ ပြန်လာပြီး နောက်ရက်လည်သောအခါ အရည်းများနှင့် လူများတို့အား ထမင်းကိုကောင်းစွာချက်ပြုတ်၍ကျွေးရ၏။ ထိုသို့ပြုမူခြင်းဖြင့် သေသော သူသည် သင်္ချိုင်းမှထွက်လာနိုင်လျက် ကောင်းရာသုဂတိသို့သွားနိုင်သည် ဟု ဟောပြောကြ၏။

ထို့နောက် လလည်၊ နှစ်လည်စသည်ဖြင့် အရည်းအား ဆွမ်းကျွေး ခြင်းစသည်တို့နှင့် ပူဇော်ပသမှုကို ပြုခြင်းတို့သည် သေသူသည် ကောင်းရာသုဂတိ၌ နတ်ဖြစ်၍နတ်ဘုံဗိမာန်စည်းစိမ်၌ သက်တမ်းရှည် ရှည်နေနိုင်မည်ဟု အရည်းတို့သည် ဟောကြ၏။

ထိုသို့ ဟောသည့်အတိုင်းလူတို့သည် အသိတရားနုံခြင်းကြောင့် လိုက်နာလုပ်ကိုင်သဖြင့် အရည်းတို့မှာ လာဘ်ရွှင်ကြလေကုန်၏။

လူတစ်ယောက်သည် သေသောအခါ ကျန်ခဲ့သူများက အရည်းတို့ အား ဆွမ်းမကျွေးခဲ့ပါမူသေသူသည် ဆာလောင်မွတ်သိပ်သဖြင့် ငိုနေရ ခြင်း၊ သင်္ချိုင်းစောင့် ပြိတ္တာများက လက်မခံသဖြင့် အပါယ်သို့သာ သွားရ တတ်ခြင်းတို့ကို အရည်းတို့သည်ဟောပြောကြ၏။ လူတို့လည်း အသိ ဉာဏ်နုံသဖြင့် ယုံကြည်လေးစားကြကုန်၏။

ဤနည်းဖြင့် ပုဂံခေတ်မှာ အနော်ရထာမင်းစောထက်တိုင် တည် နေရဟန်ရှိ၍ ပုဂံပြည်တွင် သူဌေးသူကြွယ်တို့ရှိသော်လည်း ဆင်းရဲသား လူမွဲတို့သည် အလွန်ထူပြော၍ ကြွေးတင်ကျွန်ဖြစ် ကျွန်အရောင်းအဝယ် တို့သည် အလွန်ထင်ရှားခေတ်စားနေလေ၏။

စောစောသည်ကား... ၎င်း၏သားယက္ခိုက်နှင့် နေလာခဲ့ရရာ ယက္ခိုက်သည် အသက်တစ်ဆယ့်လေးနှစ်အရွယ်ကစပြီးလျှင် ကျန်ခဲ့ သော မိခင်ကြီးနှင့်တကွ တောင်ယာလုပ်ကိုင်ကာပင် စားသောက်နေ၏။

mgyoe.com

mgyoe.com


ထိုအခါ၌ကား ယက္ခိုက်သည် လူလုံးလူဖန်ထွားကျိုင်းသန့်မာသည့်အပြင် အတတ်ပညာများ၌ အရေးလှသဖြင့် ထင်ရှားသလိုဖြစ်လာ၏။ ထိုအကြောင်းကို တန်ခိုးကြီး၍ ထင်ရှားသောအရှင်တို့သိသောအခါ စောစော၏ တိတ်တိတ်ပုန်းလင် အရှင်းကို ထိုအရပ်၌မထားဘဲ အရည်းသာသနာပိုင်အမိန့်အရ ထိုအရပ်မှ ခေါ်ဆောင်သွားလေ၏။

စောစောမှာကား... ၎င်း၏သားသည် လောက်လောက်လားလားဖြစ်လာသဖြင့် မိခင်အိုကြီးနှင့် ကောင်းစွာလုပ်ကိုင်စားသောက်နေလာနိုင်လေ၏။

စောစောသည် မိမိ၏သားကို မိမိများစွာအားကိုး၏။ အားကိုးသည့်အတိုင်းလည်း သား၏အထောက်အပံ့သည်ရသောကြောင့် စောစောမှာ ပင်ပန်းဆင်းရဲမှုသည် မရှိသလောက်ဖြစ်၏။ ထိုမှတစ်ဆင့် စောစောသည် ထိုသားကို ငါအဘယ်ကြောင့်ရသနည်းဟု စိစစ်ပြန်

'ဟင်...'

'နင်မအဲ့ဩနှင့် နင်မြင့်မြတ်တဲ့ဒါနမှုကို ညောင်ပင်စောင့် ရက္ခစိုးက သာစုခေါ်လို့ သူ့မှာအရောင်အဝါနှင့် တန်ခိုးတွေတက်ပြီး နတ်မိဖုရားတွေကိုပင် ရလာတယ်။ ဒါကြောင့် သူကနင့်အား ကျေးဇူးတင်လို့ ငွေပေးတာ...'

ထိုအခါ စောစောသည် ကျောင်းလွှတ်ပူဇော်ခြင်းဟူသော သူ၏အတွင်းအလှူကို တွေ့ရလေ၏။ ထိုသဘောကြောင့် စောစောသည် ၎င်း၏ အတွင်းအလှူကိုပင် အလွန်မွန်မြတ်သော ဒါနဟုအောက်မေ့ကာ အရည်းတို့၏တရား၊ အရည်းတို့၏ဝါဒကိုများစွာ နှစ်ခြိုက်နေလေသည်။

ထိုသို့နှင့် စောစောသည် သားနှင့် လုပ်ကိုင်စားသောက်နေရာ စောစော၏သား ယက္ခိုက်သည် အလွန်တင့်တောင်းတင့်တယ်နှင့် လူရည်ပြောင်သောကြောင့် အရည်းတို့သည် နာလိုကြဟန်မရှိချေ။

mgyoe.com

mgyoe.com

အဘယ်ကြောင့်ဆိုသော် အရည်းတို့သည် မိမိတို့၏ဒကာသား၊ မိမိတို့၏ တပည့်များ လူရည်ပြောင်သည်ကိုသာ အလိုရှိကြလေသည်။

ထိုသို့သော အတောအတွင်း စောစော၏ အမေသည် ကွယ်လွန်အနိစ္စရောက်သွားလေရာ အရည်းတို့၏ အချက်သည်ပေါ်လာသဖြင့် စောစောကို အရည်းငါးဆယ်အား ဆွမ်းကျွေးရန် အရည်းငါးဆယ်အား သုသာန်၌ အသပြာလှူရန်တို့ကို စီစဉ်ကြလေ၏။

စောစောကား သဘော၏ အဓိပ္ပာယ်နက်ကို နားမလည်ချေ။ အရည်း၏ဝါဒကို ကြည်ညိုရှင်းရှိသည့်အတိုင်း၊ အရည်းများ၏ ဟောပြောသည်ကို လိုက်နာရန်သာလျှင် ကြိုးစားနေသော်လည်း အသပြာကား မလောက်မငချေ။ မိခင်၏ အလောင်းကို သင်္ဂြိုဟ်ပြီးသည်နောက် အရည်းတစ်ရာနှင့် လူများတို့အား ကျွေးရန်လည်းလိုသေးသည်။ ထိုသို့ကျွေးနိုင်မှသာ မိမိ၏အမေသည် ကောင်းရာသုဂတိ၌ စံစားနေရမည်ဟု အရည်းတို့၏ဝါဒအတိုင်း စွဲမြဲနေလေသည်။ ထို့ကြောင့် စောစောသည် သူ့မိခင်အား သင်္ဂြိုဟ်ပြီးနောက် မကြည်မသာသောနှလုံးဖြင့် မှိုင်တွေချကာ ရှိနေလေတော့ပြီ။ ထိုအခါ စောစော၏သား ယက္ခိုက်သည် စောစောထံချဉ်းကပ်၍ ဤသို့မေးတော့၏။

'အမေ ဘာဖြစ်သလဲ၊ အမေကြီးကို လွမ်းလို့လား...'

'မဟုတ်ပါဘူးကွယ်...'

'ဒါဖြင့် အမေဘာကြောင့် မှိုင်နေသလဲ...'

စောစောကားမပြောရက်ဘဲ မျက်ရည်ဝိုင်းလျက်ရှိနေလေ၏။ ယက္ခိုက်ကား ဤသို့ထပ်၍မေးပြန်၏။

'အမေပြောပါ၊ ဘာဖြစ်သလဲ...'

'မင်းအမေကြီး ရက်လည်တဲ့အခါ အရည်းများနှင့် လူများကို ထမင်းကျွေးရမယ်ကွဲ့၊ အဲဒီတော့ ငွေလိုနေတာပေါ့။ သင်္ဂြိုဟ်ရာမှာ

mgyoe.com

mgyoe.com


တောင် ငွေမလောက်လို့ ငွေတစ်ဆယ်ချေးရသေးတယ်...'

'အရည်းဘယ်လောက်၊ လူဘယ်လောက် ကျွေးရမှာလဲ'

'အရည်းတစ်ရာ၊ လူတစ်ရာကျွေးရမယ်ကွယ်...'

'အရည်းတစ်ပါး၊ လူတစ်ယောက်ကျွေး၊ အကျန်ကို ခွေးတစ်ကောင်အားကျွေးရင်ကော အမေရယ်...'

'ယက္ခိုက်ရယ် အဲဒီတော့ အမေဟာနတ်ပြည်မှာ ဘုံဗိမာန်ငယ်ငယ်ကလေးနှင့် နေရမှာပေါ့...'

'အမေ့အား ဘယ်သူပြောသလဲ...'

'အရည်းဆရာတော်ကြီးက ဟောတာပေါ့ကွယ်...'

'ဒါဖြင့် အမေငွေဘယ်လောက်လိုချင်သလဲ...'

'ဘယ်ကရမှာလဲ ယက္ခိုက်ရယ်...'

'ရမှာပေါ့ အမေရယ်...'

'ငွေငါးဆယ်လောက်ပဲ လိုမယ်...'

ယက္ခိုက်ကား မိခင်ထံမှထသွားလေ၏။ ညနေချိန်ရောက်သော် ယက္ခိုက်သည် မိခင်ထံငွေခွက်ငါးဆယ်ပေးလေ၏။

စောစောကား ရက်လည်ဆွမ်းကျွေးရန်ကိုသာ လုံ့လပြုနေသဖြင့် ယက္ခိုက်အား ထိုငွေကိုဘယ်ကရသနည်းဟု မမေးမိချေ။

ထိုသို့နှင့် စောစောသည် ဆွမ်းကျွေး၍ကိစ္စပြီးသောအခါ ယက္ခိုက်အား ဤသို့မေးတော့၏။

'ယက္ခိုက်မင်း သည်ငွေကို ဘယ်ကရခဲ့သလဲ...'

'ကျွန်တော် သူကြွယ်ကြီး ဦးငဲ့ညာထံမှာ ကျွန်တော့်ကိုယ်ကို ကျွန်တော်သွားပြီး ပေါင်ယူခဲ့ပါတယ်...'

စောစောကား ၎င်း၏သားကိုဖက်၍ တစ်ခါတည်း ချုံးပွဲချကာ ငိုလေတော့၏။ ယက္ခိုက်ကား ဤသို့သူ့အမေအား ပြောလေ၏။

mgyoe.com

'အမေဘာကြောင့်ငိုသလဲ၊ မငိုပါနှင့်...'

'ယက္ခိုက်ရယ်သူ့ကျွန်ဖြစ်ရတယ်ဆိုတာ ဘာကောင်းသလဲ အမေရဲ့အသည်းနှလုံးတွေဟာ ပြုတ်ကုန်တာပေါ့...'

'အမေ ကျွန်တော်ကျွန်ခံချင်ပေမယ့် ဘဝက ကျွန်တော် ကျွန်ဖြစ်ဖို့ ဝိပါတ်မပါရင် ကျွန်တော် မဖြစ်နိုင်ဘူး။ ကျွန်တော်ဟာ ရှင်ဘုရင်မလုပ်ချင်ပေမယ့် ဘဝက ကျွန်တော် ရှင်ဘုရင်ဖြစ်ဖို့ ကုသိုလ်အကျိုးပေးဆိုက်လာရင် ကျွန်တော် ရှင်ဘုရင်ဖြစ်မှာပဲ...'

'ယက္ခိုက်ရယ် မင်းသူ့ကျွန်ဖြစ်ရမယ်ဆိုတော့ အမေ ဘယ်မှာစိတ်ချမ်းသာနိုင်မလဲ...'

*

ထိုကဲ့သို့လျှင် ယက္ခိုက်သည် သူကြွယ်ကြီးဦးငဲ့ညာမှာ ကိုယ်နေကြေးယူ၍ ကျွန်ခံခြင်းကား ကုက္ကိုတောင်ပဲ့ရွာတွင် အလွန်ထင်ရှား ကျော်ကြားသွားလေ၏။ ထိုအခါ အရည်းတို့သည် ယက္ခိုက်ကား အညွန့်ကျိုးလေပြီဟု များစွာဝမ်းသာကြလေ၏။

ယက္ခိုက်ကား ဇာတိနှင့်လူဖြစ်၏။ ၎င်း၏ဇာတိကား မခေချေ။ သူ့ဇာတိသည် မည်သို့နည်း ယက္ခိုက်၏ဇာတိကား သူ့အဖေသည် စဉ်းလဲတတ်သော အလွန်ညစ်ညဏ်ကြွယ်သော အရည်းဖြစ်၏။ ထိုဇာတိသည် ယက္ခိုက်၏ အတွင်းစိတ်ဓာတ်၌ကောင်းစွာ စွဲမြဲနေကောင်းနေပေလိမ့်မည်။

ယက္ခိုက်သည် ဤကဲ့သို့ စိတ်သဘောဝင်လာ၏။

ငွေရှင် လူချမ်းသာတို့သည် လေးသမားနှင့်တူ၏။ အရည်းတို့သည် မြားနှင့်တူ၏။ လူဆင်းရဲတို့သည် သားကောင်နှင့်တူ၏။ ကုက္ကိုတောင်ပဲ့ရွာ ဘိုးငဲ့ညာ၏ပစ်လိုက်သောမြားသည် ငါတို့ကိုထိပြီ၊ ငါတို့

mgyoe.com

mgyoe.com


အရေထူနိုင်မလား...။

ငါတို့ပုဂံပြည်၌ သည်အရည်းများနှင့် လူချမ်းသာများကြောင့် ဆင်းရဲသားများ ထူထပ်နေဟန်တူသည်။ မိဘဘိုးဘွားများမသေနှင့် သေလျှင် အရည်းများကြောင့် ကျွန်ဖြစ်ရမည်။

ယက္ခိုက်သည် တစ်နေ့သော် ဘိုးငဲ့ညှာနှင့် ဤသို့ပြောဆိုနေလေ၏။

မင်းတော့ကွယ် ငါလူပုံမြင်ကတည်းက သဘောကျနေတာပဲ...

'ဟုတ်ကဲ့၊ ဘ ကျွန်တော့်အား ခိုင်းချင်တဲ့အလုပ်ကိုသာခိုင်းပါ...'

'အေးကွယ်။ ငါ့မှာ တခြားအလုပ်အတွက်တော့ လူတွေရှိပါတယ်။ မြင်းတွေအတွက်သာပဲ ခဲယဉ်းနေတာ...'

'စိတ်ချဘ...'

'အေး။ မင်းကလည်း မြင်းရေးမှာမခေတော့၊ မကျင့်ရသေးတဲ့ မြင်းရိုင်းများကိုလည်း ကျင့်ပေးကွယ်။ ဒါမှ အဖိုးကောင်းကောင်းရမယ်...'

'ဟုတ်ကဲ့...'

ယက္ခိုက်ကား ဦးငဲ့ညှာထံမှ မြင်းရိုင်းကလေး ငါးကောင်ကို အစီးကျနသွားအောင်သင်ပေးသဖြင့် မြင်းတစ်ကောင်လျှင် နှစ်ပိဿာစီနှင့် ဘုရင့်မြင်းတပ်တော်အတွင်း သွင်းရလေ၏။ ထို့ကြောင့် ဦးငဲ့ညှာသည် ယက္ခိုက်ကိုအလွန်သဘောကျနေလေ၏။

ဦးငဲ့ညှာကား ကျွန်များအပေါ်၌ အလွန့်အလွန်အခိုင်းကြမ်းသည်။ ရက်စက်သည်ဟု ထင်ရှားသောသူကြွယ်ကြီးတစ်ယောက် ဖြစ်နေသော်လည်း ယက္ခိုက်၏အပေါ်၌ကား အလွန်သဘောကောင်းသကဲ့သို့ ဖြစ်၏။ ထမင်းကျွေးသောအခါမှာ အခြားကျွန်များနှင့်ရောနှောကာ မကျွေးဘဲ ယက္ခိုက်အား သီးသန့်ကျွေးစေ၏။ အများအားဖြင့် သူ့သမီးအေးစိန်

mgyoe.com

သည် ယက္ခိုက်အား ထမင်းကျွေးခြင်းများ၏။

အေးစိန်သည်လည်း သနားကြင်နာတတ်၍ သိတတ်မြော်မြင်တတ်သော မိန်းကလေးတစ်ယောက်ဖြစ်၏။ ထို့ကြောင့် ယက္ခိုက်သည် ဤမှာ ကျွန်ခံနေရချေသော် သူ့အမေအား အဘယ်သူသည် လုပ်ကျွေးပါအံ့နည်းဟု အေးစိန်သည် စာနာထောက်ထားခြင်းဖြင့် စောစောထံ အသပြာတစ်ဆယ်ပေးလေ၏။

စောစောကား ထိုငွေအရင်းအနှီးနှင့် အိမ်ဈေးဆိုင်ကလေးပြုကာ အသက်မွေးနေထိုင်လေ၏။

တစ်နေ့သော် ယက္ခိုက်သည် မြင်းကျောင်းရာမှ မြင်းများနှင့် ပြန်လာ၍ ခြံတွင်ကောင်းစွာသွင်းထားပြီးနောက် အေးစိန်သည် ယက္ခိုက်အား ညစာထမင်းကျွေးနေရင်း ဤသို့ပြောဆိုနေလေ၏။

'အဖေကတော့ သိပ်ကိုအားရနေတာပဲ...'

'ဘာကြောင့်လဲ...'

'မြင်းဆယ်ကောင်၊ ကနေ့ ဘုရင်မင်းမြတ်ထံ ရောင်းလိုက်ပြန်ပြီ...'

'နေရာကျတာပေါ့...'

'ကိုယက္ခိုက် သည်မှာနေရတာဟာ ပျင်းသလား...'

'ဘယ်လိုထင်သလဲ...'

'ကျွန်မကတော့ မထင်တတ်ပါဘူး...'

'သခင်မကမှ မထင်တတ်ဘဲနှင့်...'

'အို ယက္ခိုက်ရယ်။ သည်လိုတော့ မပြောပါနှင့်...'

'ဘာလဲ သခင်မဟာ သခင်မပေါ့...'

'ကိုယ်နေကြေးသည်များတာမှ မဟုတ်ဘဲနှင့်...'

'များတာနည်းတာဟာ ပဓာနမဟုတ်ပါ။ သခင်ဟာ သခင်ပဲ၊ ကျွန်ဟာ ကျွန်ပဲ...'

mgyoe.com

mgyoe.com


'အို... ဟုဆိုကာ အေးစိန်သည် တွေးဆကာနေလျက် ၎င်း၏စိတ် သည် ဤသို့ကစားကာနေလေ၏။

ကိုယကျွိုက်နေသော ကြေးသည် ငါးဆယ်ဆိုသော်လည်း တို့မှာ မြင်းရောင်းရတာနှင့်ပင်များစွာ မြတ်စွန်းနေချေပြီ။ သူ့အား ရွေးနုတ်ရန် ကိုယ်နေကြေးကိုပေးလိုက်ရင် သူရွေးပြီးပြန်သွားမှာပဲ။ ပြန်သွားရင် သူ့ မျက်နှာကို နောက်တစ်ခါ မြင်ရဖို့ရန် မရှိတော့ပေ...။'

ထိုသို့ စိတ်ကစားပြီးနောက် ဤသို့ပြောပြန်၏။

'သည်မှာနေရတာ ပျော်ပျော်ပဲနေပါရှင်...'

'ပျင်းရင် ရိုက်မှာလားဗျာ...'

'အို ကိုယကျွိုက်ကလည်း ကိုယကျွိုက်ရောက်လာတဲ့အခါကစပြီး ကျွန်မကတော့ သိပ်ပျော်တာပဲ...'

'သခင်မရဲ့...'

သည် သခင်မဆိုတဲ့ စကားကို မပြောပါနှင့်ရှင်။ နာမည်အရှိသား နှင့်...

'မအေးစိန်ရဲ့ အဖေကတော့ သဘောကောင်းပါရဲ့။ မယ်တော်ကြီး ကတော့ သိပ်ကို မျက်နှာထားဆိုးတာပဲ...'

'အမေကတော့ သူ့ဝါသနာပါရှင်...'

'တစ်နေ့ကလည်း ကျွန်နှစ်ယောက်နှင့် ကျွန်မနှစ်ယောက်ကို မြည်ဆဲနေတယ်။ ကိုယ်ကတော့ ကိုယ့်ကို ချိတ်ပြီးဆဲတယ်ထင်တာပဲ...'

'မဟုတ်ပါဘူး ကိုယကျွိုက်ရယ် ကိုယကျွိုက်အထင်လွဲတာပါ။ အမေက သူ့ကိုနေကြေးကိုရွေးပါစေအေ သနားပါတယ်။ ညည်းအဖေ မသိအောင် ညည်းကြဲစည်ပေးလိုက်ပါ။ စောစောကိုလည်း သနားစရာ ပါတဲ့။'

'ဒါဘာကြောင့်ပြောတယ်သိရဲ့လား။ ကိုယ့်အပေါ်မှာ သနား

mgyoe.com

mgyoe.com


ကြင်နာတယ်ထင်လို့လား…'

'သနားကြင်နာလို့ပေါ့ ကိုယက္ခိုက်ရယ်…'

'မအေးစိန် တွေးဆပြီးကြည့်ရင် ပေါ်လာမှာပေါ့…'

ထိုသို့ပြောဆိုနေပြီးနောက် မအေးစိန်သည် ထသွားလေ၏။ ယက္ခိုက်ကား သူ့အခန်းသို့သွားတော့၏။ အေးစိန်ကား၊ အိပ်ရာအိပ်ခင်း၊ စောင်များကို လဲလှယ်ကာထားခဲ့ပြီးနောက် အဝတ်များကိုလည်း အသစ်စက်စက်ထပ်ကာပေးထားခဲ့လေ၏။ ယက္ခိုက်သည်ကား ဤသို့စဉ်းစားမိ၏။

တို့ပုဂံပြည်ဥပဒေက အတော်ပင်ကြောက်စရာကောင်းတဲ့ ဥပဒေပါကလား၊ သခင်က ကျွန်မကလေးအပေါ်မှာ မေတ္တာရှိရင် သဘောရှိတဲ့၊ ကျွန်ကသခင်အပေါ်မှာ မေတ္တာထားမိရင်သေစေတဲ့၊ အင်း ငါတွေ့ကြုံရချက်ဟာ သက်သာနိုင်ဖွယ်မရှိ။

နောက်တစ်နေ့သော် ယက္ခိုက်သည် မြင်းများနှင့် မြင်းကျောင်းထွက်သွား၏။ ယက္ခိုက်သည် မြင်းများကိုသင်ကြားထားသည့်အတိုင်း မြင်းများသည် အလွန်လိမ္မာ၍ ယက္ခိုက်နှင့် မနီးမဝေးတစ်ခုသော မြက်ခင်းပေါ်၌ မြက်စားနေကြ၏။ ယက္ခိုက်လည်း အရေး၏တင့်တယ်ခြင်းအရေးကိုယူ၍ သစ်ပင်ရိပ်တွင် ပြွေကို ကြုံ့ကာကြုံ့ကာ သာယာနာပျော်ဖွယ်မှုတ်နေလေ၏။

ထိုခဏ၌ စောစော၏ တိတ်တိတ်ပုန်းလင်၊ ယက္ခိုက်၏လျှို့ဝှက်ထားသော အဖေ အရည်းသည်ပေါ်လာ၏။ ၎င်းသည် ပြွေနှင့်ကျူးသီကာနေသော ယက္ခိုက်ကို ကြည့်နေပြီးနောက် ဤသို့ဆို၏။

'ဟေ့ ယက္ခိုက်။ မင်းငါ့ကို မသိဘူးလား။ မမှတ်မိတော့ဘူးလား…'

ယက္ခိုက်သည် ထိုအရည်းကို သေချာစွာ ကြည့်နေလေ၏။

mgyoe.com

mgyoe.com


'ငါဟာ မင်းတို့ရဲ့ ဆရာတော့်ဘုရားလေ မင်းအမေ နေကောင်းရဲ့လား...'

'မှတ်မိပါတယ်ဘုရား အမေနေကောင်းပါတယ်။ ကိုယ်တော်ဘာကြောင့် မကြွလာပါသလဲ...'

'ငါ့ကိုသာသနာပိုင်က သည်ရွာနယ်မြေမှာ မနေရဘူးဆိုလို့...'

'တင်ပါ့...'

'ဒါ မင်းမြင်းတွေလား...'

'မဟုတ်ပါ သူကြွယ်ကြီး ဦးငဲ့ညာရဲ့ မြင်းတွေပါ...'

'မင်းအငှားကျောင်းနေသလား...'

'တပည့်တော်သူ့ကျွန်ဖြစ်နေရပါတယ် ဘုရား...'

'အေး... မင်းကျွန်ဘဝကလွတ်ချင်သလား...'

'လွတ်ချင်ပါတယ် ဘုရား...'

'လွတ်ချင်ရင် လွတ်မှာပေါ့ကွယ်။ နက်ဖြန်ခါ မင်းသည်နေရာက စောင့်နေ...'

'တင်ပါ့...'

ထိုသို့ပြောဆို၍ အရည်းဆရာသည် ထိုနေရာမှ ဖယ်သွားလေ၏။ ယက္ခိုက်လည်း ညနေစောင်းသော် မြင်းများနှင့် ပြန်လာခဲ့လေ၏။ ထိုနေ့ကား ယက္ခိုက်၏စိတ်သည် မှိုနတ်ကာ ပြန်လာသော တောပြန်ယောကျ်ားကဲ့သို့ အလွန်ပျော်ရွှင်လျက် မျက်နှာသည် ကြည်လင်လျက်ရှိ၏။

ထိုသို့သော ယက္ခိုက်ကို အေးစိန်သည် မြင်ရ၍ အလွန်ဝမ်းသာသွားလေ၏။ သို့သော် အေးစိန်ဝမ်းသာခြင်းနှင့် ယက္ခိုက်၏မျက်နှာကြည်လင်ခြင်းသည် ခြားနားကောင်း ခြားနားပေလိမ့်မည်။

အေးစိန်သည်လည်း ခါတိုင်းကဲ့သို့ပင် ယက္ခိုက်အား ကောင်းစွာထမင်းအစားအသောက်တို့ကို ကျွေး၏။ ယက္ခိုက်လည်း ထိုနေ့မှာ ပြုး

mgyoe.com

mgyoe.com


ရွှင်သောမျက်နှာဖြင့် စကားပြောလျက်နေ၏။

အေးစိန်၏အမေကား မည်သည့်အခါကမျှ ယက္ခိုက်ကိုစကား ကျနစွာမပြောဖူးသော်လည်း ထိုနေ့မှာကား ရွှင်ရွှင်ပျပျနှင့် ဤသို့ စကားပြောနေလေ၏။

'မင်းအမေ။ မစောမှာ ချောင်ချောင်ချိချိနဲ့ ရှိပါရဲ့လား'

'ဟုတ်ကဲ့...'

'မင်းသည်မှာ မပျော်တဲ့အချိန်ကို ဒေါ်ဒေါ်အားပြော ကြားလား'

'ဟုတ်ကဲ့။ ဒေါ်ဒေါ် ယခုလိုအမိန့်ရှိတာကို အထူးအားရပါတယ်'

'အေးကွယ် ပျော်ပျော်သာနေ...'

ထိုသို့ပြောဆိုကာ အေးစိန်အမေသည် နေရာမှ ထသွားလေ၏။ ယက္ခိုက် အေးစိန်တို့လည်း ပျော်ပါးစွာစကားပြောဆိုနေကြလေ၏။

နောက်တစ်နေ့၌ ယက္ခိုက်သည် မြင်းများကို မနေ့ကနေရာသို့ အကျောင်းထွက်ပြန်၏။ ရောက်လျှင်ဆရာအရည်းကို အသင့်တွေ့လေ ၏။ အရည်းလည်း ဤသို့ဆို၏။

'ဟော့ မောင်ယက္ခိုက် သည်မြင်းများကို ပြန်လွှတ်လိုက်ပြီးသော် ငါ့နောက်လိုက်ခဲ့ပေတော့...'

'မတော်ဘူး ထင်ပါတယ် ဘုရား...'

'ဘာကြောင့် မတော်သလဲပြောစမ်း။ သူတစ်ပါးရဲ့အိမ်မှာ ကျွန်ခံ နေရတာမှ လွတ်အောင်ထွက်သွားတာပဲ...'

'မတရားပါ ဘုရား...'

'အလို တရားဆိုတာ နှစ်ဦးနှစ်ဖက် ညီမျှစွာတည်ရတယ်။ လူနှစ် ယောက်မှာ တစ်ယောက်က... မတည်ဘဲ တစ်ယောက်ကတည်နေရင် တည်တဲ့သူမှာသာ နစ်နာခြင်းဖြစ်ရတယ်။ ထိုအခါ နစ်နာရုံမျှမက လူအ၊ လူဖျင်း၊ လူနဖြစ်ရာလည်း ရောက်ရတယ်...'

mgyoe.com

mgyoe.com


'ဟော့ ယက္ခိုက် လောကမှာအားနာတတ်တဲ့လူဟာ အားပါလို့ အောက်တန်းစားဘဝက ဘယ်တော့မှ မတက်နိုင်ဘူးတဲ့ ကြားလား...'

ယက္ခိုက်သည် တွေ၍စဉ်းစားနေ၏။

'ဟော့ယက္ခိုက် မင်းတွေပြီးစဉ်းစားမနေနဲ့ မင်းမြင်းတွေကို ပြန်လွှတ်ပြီး ငါ့နောက်လိုက်ခဲ့...'

❒

mgyoe.com

mgyoe.com

# အခန်း (၂)

ပုဂံပြည်မင်းခွေးသည် သက္ကရာဇ် ၇၂ နှစ်သော် ပုဂံပြည် ထီးနန်း စည်းစိမ်ကို သိမ်းပိုက်အုပ်ချုပ်ရရာ နောင်တော်၏ သားတော်သိဃ်မင်း အား အိမ်ရှေ့အရာကိုပေးတော်မူ၍ နိုင်ငံတော်ကို အုပ်ချုပ်စီမံရန် အာဏာ ကုန်... လွှဲထားလေ၏။

အိမ်ရှေ့မင်းသားသိဃ်မင်းကား နိုင်ငံတော်၌ ကျောသားရင်သား မခြား တရားသဖြင့်အုပ်ချုပ်စီမံရာ၌ မှူးကြီးမတ်ကြီးစသော မှူထမ်းရာ ထမ်းတို့သည် အခွင့်အရေးရသင့်သလောက် မရကြသောကြောင့် အိမ်ရှေ့မင်းသားကို နှစ်နှစ်ကာကာ အလိုမရှိကြပေ...။

မင်းခွေးသည်ကား တိုင်းပြည်ရေးရာအဖြာဖြာတို့ကို အိမ်ရှေ့မင်း သားအား လွှဲအပ်တော်မူ၍ အမြဲတောကစားထွက်ကာ ပျော်ပါးလျက်ရှိ လေသည်။

အခါတစ်ပါး၌ အိမ်ရှေ့မင်းသည် ဘုရင်မင်းမြတ်မရှိစဉ်အခိုက်ဖြစ် ၍ နေပြည်တော်၌ ညဦးအချိန်တွင် ရွှေမြို့တော်ဝန်မင်းနှင့်တကွ လှည့်

mgyoe.com

mgyoe.com


လည်ကြည့်ရှုတော်မူရာ လူခြေတိတ်သောအခါ၌ မင်းလမ်းခရီးတွင် တစ်ယောက်တည်းလျှောက်လာသည့် လူတစ်ယောက်ကိုတွေ့၍ အမှုထမ်းတစ်ယောက်က ယော့ရပ်လိုက်ဟု အမိန့်ပေးသဖြင့် ထိုလူလည်းရပ်နေရာ အမှုထမ်းသည် ထိုလူကို အိမ်ရှေ့မင်းနှင့်ရွှေမြို့တော်ဝန်မင်း၏ရှေ့ခေါ်လာရောက်စေ၏။

'အလို မောင်ဝဏ္ဏပါလား...'

'ဟုတ်ပါ့ကိုယ်တော်...'

'မောင်ဘယ်ကလာသလဲ...'

'မပြောပါရစေနှင့် ကိုယ်တော်...'

'အလို ဘယ့်နှယ်လဲ ဘာကြောင့်လဲမောင်...'

'ကိုယ်တော့် ခမည်းတော်ကြီးသိရင် ကျွန်တော့်ကို အိမ်က နှင်ချပါလိမ့်မယ်...'

'မဟုတ်ဘူးမောင်ရယ် နန်းရင်းဝန်ကြီး ဘိုးဘိုးကလည်း ညီတော်ကလေးကို ဆုံးမပါလို့မှာထားတယ်...'

'ကိုယ်တော်သည်လိုတွေ့တဲ့အကြောင်းကို ဘဘဘုရားကိုလည်း အမိန့်မရှိပါနှင့်ဘုရား။ ကျွန်တော်လည်း နောက်ကိုသည်လိုအမူအကျင့်မျိုးကို မကျင့်တော့ပါ ဘုရား...'

'ကိုင်း ငါ့ညီတော် အိမ်ကိုရောက်အောင်ပြန်ကွယ် ကြားလား...'

'မှန်လှပါ့...'

ထိုသို့ပြော၍ မောင်ဝဏ္ဏသည် သုတ်ခြေတင်၍ ၎င်း၏အိမ်သို့ပြန်လေ၏။

'ရွှေမြို့တော်ဝန်မင်း။ မောင်ဝဏ္ဏရဲ့စကားဟာ အတော်ပဲဆန်းတယ်...'

'ဟုတ်ပါတယ် ကိုယ်တော်...'

mgyoe.com

mgyoe.com


'လူငယ်ကလေးတွေဟာ အတော်ခက်တယ်ရွှေမြို့တော်ဝန်မင်း။ သူတို့ကတော့ သူတို့ဟာသူတို့ အသိအတတ်ပဲ...'

'မှန်လှပါ...'

ထိုသို့ပြောဆိုကြ၍ အိမ်ရှေ့မင်းသည် ရွှေမြို့တော်ဝန်မင်းနှင့် ဆက်လက်ကာ သွားကြပြန်ရာ တော်တော်ညနက်သောအခါ တစ်ခုသော မင်းလမ်းမဆုံ၌ လူတစ်ယောက်ကို တွေ့ပြန်၏။ ထိုအခါအမှုထမ်းလည်း 'ဟေ့ ရပ်လိုက်' ဟု အမိန့်ပေးသဖြင့် ထိုလူလည်း ရပ်နေသဖြင့် အမှုထမ်းသည် အိမ်ရှေ့မင်းနှင့် ရွှေမြို့တော်ဝန်မင်း၏ ရှေ့တော်သို့ ခေါ်ယူရောက်လာစေတော့၏။

'အလို မောင်သစ္စာ ဘယ်ကလာသလဲ...'

'ကိုကိုဘုရား၊ ဘဘဘုရားကို မသိပါစေနှင့်ဘုရား...'

'ဘယ့်နှယ် မောင်သစ္စာ ဘယ်ကလာသလဲလို့မေးတာကိုတော့ မဖြေဘဲနှင့် မောင့်စကားက ဘဘဘုရားကိုမသိပါစေနှင့်ဆိုတာ အခက်သားပါကလား...'

'ဘဘဘုရားသိရင် ကျွန်တော်မျိုးကို တန်းထဲချပြီးထားမှာပါဘုရား...'

'ဟဲ့ မောင်သစ္စာရယ် ဆန်းလှချည်လား အစ်ကို့လည်းသေနာပတိကြီးက ညီတော်ကလေးကို ဆုံးမပါလို့ အမြဲမှာထားတယ်...'

'ကျွန်တော်မျိုး နောက်ကို သည်လိုမတွေ့စေရပါဘူး...'

'ကိုင်း အိမ်ရောက်အောင်ပြန်နော် မောင်သစ္စာ...'

'မှန်လှပါ...'

'ရွှေမြို့တော်ဝန်မင်း အတော်ဆန်းတယ်၊ ဘာတွေဘယ်လို လူငယ်များဖြစ်နေကြတယ် မဆိုနိုင်ဘူး...'

'ဟုတ်ပါတယ် ကိုယ်တော်...'

mgyoe.com

mgyoe.com


နန်းရင်းဝန်ဘိုးဘိုးနှင့် သေနာပတိကြီးကိုတော့ မသိပါစေနဲ့ဦးဗျာ။ အဘိုးကြီးတွေက သိပ်ကိုဒေါသကြီးတယ်။ အသက်ကြီးလို့ထင်တာပဲ...'

ကျွန်တော်မျိုးလည်း သည်ပုဂ္ဂိုလ်ကြီးနှစ်ယောက်ကိုတော့ အတော့်ကိုလန့်ပါတယ်။

မှန်လည်းမှန်တယ်။ နိုင်ငံတော်မှာ ရွှေမြို့တော်ဝန်မင်းနှင့်ကျွန်တော် ကြပ်မတ်ပြီး တိုင်းပြည်အား အေးချမ်းသာယာအောင်လုပ်တာကို မှူးမတ်ငယ်တို့က သဘောမကျတာနှင့် အကုန်လုံးဖြုတ်ပစ်ရမယ်လုပ်လို့ အတော်တောင်းပန်ထားရတယ်။

'မှူးငယ်မတ်ငယ်များလည်း ခက်ပါတယ်ကိုယ်တော်။ ဘုရင်မင်းမြတ်ကို သူတို့ရှေ့ဆောင်တာနှင့် ဘုရင်မင်းမြတ်ဟာ တောကစားဝါသနာပါပြီး တောထဲမှာသိပ်ပျော်မွေ့နေတာပဲ...'

'ဟုတ်တယ် ဟုတ်တယ်...'

'ဒါကိုတော့ ကိုယ်တော့်ဘထွေးတော်ထံ တင်ဦးမှပဲ...'

'မတင်ချင်ဘူး၊ ရွှေမြို့တော်ဝန်မင်း။ ဘထွေးတော်ဆိုတော့ အတော်ခက်တယ်။ ကျွန်တော်သာ နိုင်ငံတော်က ထွက်သွားချင်တာပဲ...'

နောက်တစ်နေ့သော် အိမ်ရှေ့မင်းသိဃ်သည် ၎င်း၏တပ်သို့ ဝဏ္ဏာနှင့်သစ္စာကိုခေါ်၍ ဆုံးမစကားပြောလေ၏။

'ဆိုင့်ညီများ မောင်တို့အပေါ်၌ အစ်ကိုတော်ဟာ မေတ္တာထားတယ်ဆိုတာ သိရဲ့လား...'

'သိပါတယ် ဘုရား...'

'သိပါတယ် ဘုရား...'

'မောင်တို့ လျှို့ဝှက်ထားတဲ့အကြောင်းကိုလည်း အစ်ကိုဟာ သိချင်ပေမယ့် မမေးသင့်ဘူး... မေးလည်း မမေးရဘူး။ မောင်တို့ကလည်း

mgyoe.com

mgyoe.com


မပြောရဘူး။ ဒါဟာ ယောကျာ်းကောင်းတို့ရဲ့ ကျင့်ထုံးတစ်ခု…'

'မှန်လှပါ… မှန်လှပါ…'

'မောင်တို့ဟာ အလကားလူရဲ့သားများ မဟုတ်ဘူး။ နိုင်ငံတော်မှာ မင်းသားများနှင့်တစ်တန်းတည်း ရှိနေတဲ့လူကလေးတွေ…'

'မှန်လှပါ… မှန်လှပါ…'

'အဲဒီတော့လိမ္မာသင့်တယ် အကျိုးရှိတဲ့စကားကို နားထောင်သင့်တယ်…'

'မှန်လှပါ… မှန်လှပါ…'

'ဒါဟာဘယ်သူ့အကျိုးလဲ…'

'ကျွန်တော်မျိုးတို့အကျိုးပါ…'

'ကျွန်တော်မျိုးတို့အကျိုးပါ…'

'မောင်တို့ကို အစ်ကိုတော်ဟာ ဘယ်လိုမှမဆိုဘူး၊ မောင်တို့နှင့် သက်ဆိုင်တယ်လည်း မဆိုဘူး၊ သို့သော် ပုံဝတ္ထုဆိုပါတော့ တစ်ခုတော့ ပြောပြမယ်…'

'မှန်လှပါ…မှန်လှပါ…'

စေတုတ္တရာပြည့်ရှင်ဘုရင် သောမဒတ္တသည် မိမိ၏ နေပြည်တော်၌ ဝိသာခါနက္ခတ်သဘင် ဆင်ယင်ကျင်းပသောအခါ လူသာမန်အသွင်နှင့် နက္ခတ်သဘင်သို့သွားရောက်ကာ ပျော်ပါးလေတော့သည်။

'မှန်လှပါ… မှန်လှပါ…'

'အဲဒီတော့ မိန်းကလေးတစ်ယောက်၏ နောက်သို့ရောက်သွားသတဲ့…'

'မှန်လှပါ… မှန်လှပါ…'

ထိုမိန်းကလေးသည် မိမိနောက်ကလူတစ်ယောက်ရောက်လာကြောင်းကို သိသောအခါ မသိမသာ နောက်သို့တဖြည်းဖြည်းဆုတ်ရာ

mgyoe.com

mgyoe.com


မိမိ၏နောက်မှလူနှင့် ထိနေတော့သည်။ ယောကျ်ားတို့မည်သည်မှာလည်း သတိတရားကို လက်သုံးမပြုသော် ထိုသို့သောသဘော၌ အခွင့်ကောင်းကြံသည်ဟု အောက်မေ့တတ်သည့်အတိုင်း ဘုရင်သောမဒတ္တလည်း အောက်မေ့ကာ ရှေ့သို့တိုးလိုက်သတဲ့...'

'မှန်... မှန်...'

ထိုအခါ မိန်းကလေးသည် နောက်သို့လှည့်ကြည့်၍ပြုံးပြီးသော် 'အလို' ဟု အသံပြုကာ သူ့အိမ်သို့တစ်ယောက်တည်း ပြန်သွားသတဲ့။

'မှန်လှပါ...'

မင်းကြီးသည် ထိုနက္ခတ်ပွဲသဘင်၌ သူလည်း အခွင့်အရေးကောင်းကြံသည်ဟု ထိုမိန်းကလေး၏နောက်သို့ လိုက်သွားလေရာ ထိုမိန်းကလေးကို ၎င်း၏အိမ်အဝင်တွင် မီလေတော့သည်။ ထိုအခါ မိန်းကလေးသည် မိမိ၏အိမ်မှတံခါးကို ရုတ်တရက်ဖွင့်နိုင်ပါလျက် မဖွင့်နိုင်သကဲ့သို့ ပြုနေပေသည်။ ၎င်းကို ဤမိန်းမသည် သူ့အားလှည့်ဖြားနေသည်ဟု မင်းကြီးသည်မသိ။ အကယ်ပင် ရုတ်တရက်ဖွင့်မရဟု မင်းကြီးသည်ထင်မိသည်။ ဤကား ထိုမိန်းကလေး၏ မာယာတွင်း၌ မင်းကြီးသည် မိပြီးနောက်ထပ်၍မိခြင်းဖြစ်ချေသည်။

မင်းကြီးသည် ထိုမိန်းကလေး၏မာယာ၌ အဘယ်ကဲ့သို့မိသနည်း။

'မသိပါ။ မသိပါ...'

မောင်တို့ ၎င်းကိုမသိဘဲ၊ မောင်တို့ကို အစ်ကိုသည်ညဥ့်အချိန်မှာ တစ်ယောက်တည်းတွေ့ရတာပဲ။

ဝဏ္ဏာနှင့်သစ္စာကား ပြုံးနေကြတော့၏။

'နားထောင်...'

'မှန်လှပါ မှန်လှပါ...'

mgyoe.com

ထိုမိန်းကလေးသည် မိမိ၏နောက်က ယောကျ်ားတစ်ယောက်ရှိ မှန်းသိလျက်နှင့် နောက်သို့ဆုတ်ခြင်းသည် မာယာ၊ ၎င်းကို မင်းကြီးသည် မသိဘဲရှေ့သို့တိုးခြင်းသည် ထိုမာယာ၌ မင်းကြီးစ၍မိပြီး မင်းကြီးသည် ထိုမိန်းကလေး၏ နောက်သို့လိုက်သွားခြင်း၊ မိခြင်းတို့သည် ထိုမိန်းက လေး၏မာယာတွင်း၌ ထပ်၍မိချေပြီ။

ထိုမိန်းကလေးသည် မင်းကြီးအား ကိုကို ဘာကိစ္စ၊ ရေသောက်လို ၍ပါလားဟုမေးရာ မင်းကြီးလည်း မိန်းကလေး၏ လှည့်စားခြင်း၌ မိနေ သည်ကိုမသိဘဲ အခွင့်ကောင်းရပြီဟု။ အင်း... နှမငယ် ရေဝင်ကာ သောက်ပါရစေဟု ပြောတော့သည်။

ထိုမိန်းကလေးသည် မင်းကြီးကို အိမ်ထဲသို့သွင်းပြီးနောက် အစ်ကို ဘာကိစ္စရှိပါသေးသလဲမေးရာ မင်းကြီးလည်း ငါဟာ နက္ခတ်သဘင်သို့ လာရာ မင်းကိုတွေ့၍ ပျော်ပါးလိုခြင်းကြောင့်ဆိုတော့သည်။ ထိုအခါ မိန်းကလေးက ဘာကြောင့် ကျွန်မကို ပျော်ပါးလိုပါသလဲမေးရာ မင်းကို ငါချစ်သောကြောင့်ဟု မင်းကြီးကဆိုလေသည်။

ထိုအခါ မိန်းကလေးက ကျွန်မသည် ပျော်ဖို့ရန်ကြောက်ပါသည်။ ကြောက်သည်ထက် ဘယ်လိုလူစားဟုမသိသဖြင့် ကျွန်မ မပျော်ဝံ့ပါ။ ထို့ကြောင့် ပြန်လာပါသည်ဟု ပြောလေသည်။

ထိုအခါ မင်းကြီးက ငါဟာ ဤပြည်က မင်းကြီးဟုဆိုလေရာ ထိုမိန်းကလေးသည် ဩော် သည်လိုဖြစ်ခဲ့သော် ကိုယ့်အရှင့်အလိုကို ကိုယ်လိုက်ဖို့ရန်တာဝန်ရှိပါသည်။ ထို့ကြောင့် ဘုရားကျွန်မသည် သည် ပျော်ပါးမှုမျိုးကို ဘယ်လိုမှန်းမသိ၍ ကြောက်ရွံ့ပါသော်လည်း ကိုယ်၏ အလိုကို လိုက်ပါမည်ဟု အခွင့်ပြုကာ ပျော်ပါးလေတော့သည်။

မင်းကြီးကား အလွန့်အလွန် နှစ်သက်ခြင်းဖြစ်လေတော့သည်။

မောင်တို့မှတ်ထား ကာမဂုဏ်မှု၌ လိုက်စားသော ယောကျ်ားတို့

mgyoe.com

mgyoe.com


သည် ပြည့်တန်ဆာမနှင့်တွေ့သည်ရှိသော် ပြည့်တန်ဆာမကို ထိုအမှု၌ မိမိအိမ်ရှင်မကိုထက် နှစ်သက်စွဲလမ်းတပ်မက်လေသည်။ အဘယ်ကြောင့် မာယာကေသီ၌ ပြည့်တန်ဆာမသည် ပါနေသောကြောင့်။ တစ်နည်းတုံအားဖြင့် ယောကျ်ားများကိုလိုက်၍ ပိုင်းနေသောမိန်းမများနှင့် တွေ့ခဲ့သော် ထိုမိန်းမကို ယောကျ်ားတို့သည် အလွန်စွဲမက်တတ်လေသည်။ အဘယ်ကြောင့် ၎င်းသည်လည်း မာယာကေသီထဲတွင် ပါဝင်နေခြင်းကြောင့်၊ ထိုမှတစ်ပါး လင်ငယ်နေသော မိန်းမကိုတွေ့သည်ရှိသော် ထိုမိန်းမကို ယောကျ်ားတို့သည် အလွန်စွဲလမ်းတတ်၏။ အဘယ်ကြောင့် လင်ငယ်နေသောမိန်းမသည် မက်မောမှု၊ အညှုမှု၊ အနုမှုတို့၌ အလွန်လည်ပတ်ခြင်းကြောင့် ၎င်းသည် မာယာကေသီ၌ ရှေ့တန်းကပါဝင်နေခြင်းကြောင့်။ ထို့ထက် နန်းတွင်းသူများသည် ချစ်လျက်နှင့် မုန်းဟန်ဆောင်တတ်သည်။ မုန်းလျက်နှင့် ချစ်ဟန်ဆောင်တတ်သည်။ ၎င်းတို့ကိုထားဦး ဝတ္ထုကြောင်းနှင့် များစွာမဆိုင်ဘူး...။

'မှန်လှပါ့...'

'မင်းကြီးသည် ထိုသို့နှင့် နန်းတော်သို့ပြန်လေ၏။ နောက်တစ်နေ့သော် မင်းကြီးသည်ရထားပေါင်းချုပ်ကိုပြုကာ ထိုမိန်းကလေးကိုတော်ကောက်ရန်လာသောအခါ မိန်းကလေးကား မာယာမှု၌ မာယာကေသီဖြစ်၍ ဤသို့တောင်းပန်လေ၏။

'မှန်လှပါ။ မှန်လှပါ...'

ရွှေဘုန်းတော်အရှင်ဘုရား၊ ဘုန်းဘုရားကျေးတော်မျိုးမသည် ယမန်ညက ကိုယ့်အရှင်သခင်ကြောင့် ကျေးဇူးသစ္စာတော်ကိုသိရသည့်အားလျော်စွာ ရွှေဘုန်းတော်၏ အလိုတော်ကျဖြည့်လိုက်ရပါသည်။ စည်းစိမ်တော်ကို တပ်မက်၍မဟုတ်ပါ။ ယခု ရွှေဘုန်းတော်အရှင် သဒ္ဓါတော်မူလျက် ချီးမြှင့်မြှောက်စားမည်ကို အထူးကျေးဇူးတင်၍ ဝမ်းမြောက်

mgyoe.com

ဝမ်းသာလှပါသည်။ သို့ရာတွင် ရွှေဘုန်းတော်ရှင်မှာ မင်းမိဖုရားမြတ်များ၏ ရွှေထားတော်နှင့် မျက်နှာထားတော် အာဏာတော်အထားများကို ကြောက်ရွံ့ပါ၍ မဝံ့ပါ သည်းခံတော်မူပါဘုရား...။

'မှန်လှပါ... မှန်လှပါ...'

မင်းကြီးကား ထိုမိန်းကလေး၏ လှည့်စားကာလျှောက်သောစကားကို မိန်းမတို့၏ အာသာမန္တဲ၌ နားမလည်သောကြောင့် အလွန်သဘောကျပြီးလျှင် ထိုမိန်းကလေးကို အလွန်နှစ်သက်သဖြင့် "ဟယ်ကောင်မကလေး နင်မစိုးရိမ်နှင့် ငါကား နင့်ကိုတော်ကောက်ကာ ချီးမြှင့်မြှောက်စားပြီ" ဆိုကာ ထိုမိန်းကလေးကို ထိုမိန်းကလေး၏ အခြံအရံနှင့်တကွယူ၍ နန်းတော်သို့ခေါ်ဆောင်သွားပြီးသော် အဆောင်ရမိဖုရားပြုပြီးလျှင် ချီးမြှင့်မြှောက်စားခြင်းပြုလေတော့သည်။

'မှန်လှပါ... မှန်လှပါ...'

ထိုမိန်းကလေးကား မာယာကေသီဖြစ်၍ လှည့်ပတ်မှု၌အထွတ်အထိပ်ဖြစ်နေသဖြင့် မင်းကြီးသည် အခြားမိဖုရားတို့ကိုမျှ သတိမရဘဲထိုမိဖုရားသစ်အဆောင်၌သာလျှင် ညဥ့်အဖို့ကို ကုန်လွန်စေတော့သည်။

'မှန်... မှန်...'

ထိုသို့နှင့် အခါတစ်ပါး တစ်နေ့သောညဥ့်လည်း ထိန်လင်းစွာသာလျက် တင့်တယ်ခြင်းအသရေကို ဆောင်သူ၏ သူတော်ကောင်းတို့၌လ၏အသရေသည် မထူးခြားနိုင်စေကာမူ ကာမဂုဏ်၌ ငမ်းငမ်းတငင်နေသော သူတို့၏အဖို့၌ကား လသည်သဘာဝ။ လရောင်သည် ဟန်ဆောင်ပြပဟု မအောက်မေ့နိုင်ဘဲ သာယာမှုကို တိုးတက် တိုးတက်၍သာယာစေ၏။ ကာမဂုဏ်ကိုရစ်၍ ရစ်၍ ရစ်၍ခြစ်ယူကာနှစ်တော့၏။

မင်းကြီးသည် မိဖုရားသစ်အဆောင်တော်၌ ပျော်မြူးလာတော့ပြီမိဖုရားသစ်သည် လရောင်အေးနှင့်မင်းကြီးကိုသွေး၍ လူခြေတိတ်လျက်

mgyoe.com

mgyoe.com


ဆိတ်သောအချိန်၌ မြောက်ဥယျာဉ်တော်သို့ ဝင်ကာဆောင်တော့ပြီ။ မင်းကြီးလည်း ကာမဂုဏ်ရသာမှု၌ အပြုအစုကောင်းသော မိဖုရားသစ်၏ အလိုကိုလိုက်လျက် မြောက်ဥယျာဉ်တော် အတွင်းသို့ ဆင်းကာ ပျော်တော့ပြီ။ မိဖုရားသစ်ကို ကိုယ်တုံးလုံးပြု၍ ဥယျာဉ်တွင်း၌ တောပုံ တောင်ပုံတို့ပြုလုပ်ထားသောအကြားတွင် မင်းကြီးနှင့် လိုက်တမ်း ပြေးတမ်းကစားတော့ပြီ...

'မှန်လှပါ... မှန်လှပါ...'

ကာမဂုဏ်သွေးတိုင်းငေးသောသူသည် ဘေးကိုမမြင်

'မှန်လှပါ...'

'မောင်တို့...'

'နားစိုက်လျက်ပါ ဘုရား...'

'မိန်းမတို့မှာ လျှို့ဝှက်အပ်ရာ လက္ခဏာတို့ကို မြင်လိုသော ယောကျာ်းနှင့် မိန်းမတို့၏ တုံးလုံးစင်းလင်းကို နှစ်သက်သော ယောကျာ်း သည် သူတစ်ပါးကမသတ်ဘဲနှင့် သေနေသောသူတည်း။ ရောဂါတကာ တို့တွင် ထိုရောဂါသည် အဆိုးဆုံးသောရောဂါတည်း...'

'မှန်လှပါ... မှန်လှပါ...'

ထိုသို့နှင့်မင်းကြီးနှင့် မိဖုရားသည် ဥယျာဉ်တော်အတွင်း၌ ပျော်မြူး နေသည်တွင် မှောင်ရိပ်မှပုန်းလျှိုးကာ ချောင်းမြောင်းနေသော ရန်သူတော် စစ်သည် မင်းကြီးကို လုပ်ကြံခွင့်ရသည့်အတိုင်း လုပ်ကြံကာ ဖျောက်ဖျက် ပစ်ပြီးလျှင် ထိုပြည်၌လူကို အသတ်နိုင်ဆုံးသော သူသည် ဘုရင်ဖြစ်၍ ထိုဘုရင်ကို သတ်နိုင်သောသူသည်လည်း ဘုရင်ဖြစ်နေသော တရားမဲ့ နိုင်ငံဖြစ်သည့်အတိုင်း ထိုမိဖုရားသစ်၏အချစ်ဟောင်းသည် ဘုရင်ဖြစ်ရ လေသတည်း...

'မှန်လှပါ... မှန်လှပါ...'

mgyoe.com

'မောင်တို့ယောကျ်ားတို့၌ မိန်းမတို့၏ မာယာသည် ဘေးတည်း၊ ထိုမာယာတွင် မာယာကေသီကိုကား မြင်နိုင်ရန်ခဲယဉ်းသောကြောင့် အဆိုးရွားဆုံးသော ဘေးကြီးပေတကား...'

'မှန်လှပါ... မှန်လှပါ...'

*

ထိုကဲ့သို့ အိမ်ရှေ့မင်း၏ ဆုံးမချက်အရ မောင်ဝဏ္ဏသည် မြို့၏ အိမ်တွင်သာ ကျမ်းစာများကိုလေ့လာနေ၏။ မောင်သစ္စာသည်လည်း ထိုနည်းလည်းကောင်းဖြစ်၏။ ထိုသို့နှင့် နှစ်ရက်မြောက်တွင် သိမ်မွေ့သောမောင်းမငယ်... တစ်ယောက်သည် ပေတိုကလေးကိုယူ၍ မောင်ဝဏ္ဏထံသို့လာရောက်ပို့သွား၏။ မောင်ဝဏ္ဏလည်း အောက်ပါအတိုင်း ထိုပေတိုကိုဖတ်ကြည့်မိ၏။

'မပေါ်လာမျှော်ကာမောပါရ မမစိတ်ထဲ... စိမ်းပြီလားမောင် ချစ်တိမ်းကာရှောင်ပြီပေါ့ လာလိမ့်ယောင် ချစ်စိတ်တွင်ရောတယ် စောလျက်ပါပဲ...'

ဝဏ္ဏသည် ထိုပေတိုကလေးကိုဖတ်ပြီးနောက် အကြံအိုက်လျက်ရှိ၏။ အိမ်ရှေ့မင်းဆုံးမသွန်သင်... သည်ကိုလည်း နားတွင်စွဲလျက်ရှိ၏။ လင်ငယ်နေသော မိန်းမသည် မာယာကေသီတွင် ထိပ်တန်းကနေခြင်းကြောင့် ကြောက်စရာရှိသည့်အထဲတွင် နန်းတွင်းကဖြစ်ချေသော်... သာ၍ ကြောက်စရာပါတကားဟု ချေးကျကာ အတော်ကြာ စဉ်းစားပြီးနောက် မောင်သစ္စာ၏အိမ်သို့ထွက်သွားလေ၏။ မောင်သစ္စာလည်း ပေတိုကလေးကိုင်လျက် စဉ်းစားနေသကဲ့သို့ ရှိသည်ကိုတွေ့ရရာ သစ္စာသည် ဝဏ္ဏအားအောက်ပါပေတိုကလေးကို လှမ်းလိုက်လေ၏။

'စိမ်းပြီလားမောင် ထိန်းနိုင်ပေါင်မယ့်အချစ်ကို ဟာစ်လို့

mgyoe.com

mgyoe.com


အော်ချင် ပျော်မရှင်ခုငိုမှာပဲ၊ ခွာတဲ့ပြီလားမောင်။ ကြာနွဲ့
သည်မယ်ကဆောင် ကြည်စယ်ယောင် မောင်နှင့် ပလူး
တာကို ထူးရာစိတ်စွဲ'

ဝဏ္ဏာသည် ထိုပေစာတိုကို ဖတ်ကြည့်လျက် အတော်ပင်ထိတ်သွားဟန်ဖြစ်နေ၏။ ၎င်းသည် ၎င်းနှင့်ဆက်သွယ်နေသောအချစ်အကြောင်းနှင့် ပတ်သက်ပြီးသော် မည်သူအားမျှမပြောပါ မပွင့်ပါဟုချစ်သူထံ၌ သစ္စာပြုထားရသောကြောင့် စိတ်ထဲတွင် ကြိတ်မနိုင် ခဲမရနှင့်နေလေ၏။ သစ္စာကိုလည်း တစ်စုံတစ်ရာမျှ ဖွင့်ဟကာမမေးချေ။ အထင်သော်ကား အတော်ပင်ထိတ်လန့်ရာဖွယ် ဖြစ်နေရာ၍ အတော်ပင် ကြက်သီးထလျက်နေလေ၏။

သစ္စာလည်း ဝဏ္ဏာ၏အကဲကိုသာခတ်နေ၏။ ၎င်းသည်လည်း ဝဏ္ဏာကဲ့သို့ပင်လျှင် သစ္စာပြုထားရသူ ဖြစ်သောကြောင့် သစ္စာသည် သူ့ကိုယ်သူ မာယာကေသီကျော့ကွင်းအတွင်း၌ လူးလဲကာဆင်းနေပြီဟု ထင်မိ၏။ ၎င်းသည် ဝဏ္ဏာ၏အပေါ်၌ မည်ကဲ့သို့မျှမထင်၊ မည်ကဲ့သို့မျှ မစွပ်သော်လည်း မိမိသည် အလွန်ဆိုးသွမ်းသော ရာဇဝတ်မှုပြစ်ကြီးကို ကျူးလွန်နေပြီဟု အိမ်ရှေ့မင်းက ဆုံးမသည့်အနေနှင့် ပြောဆိုသော ဝတ္ထုကိုသာ အာရုံစိုက်နေမိ၏။

ထိုသို့နှင့်ပင် သူငယ်ချင်းနှစ်ယောက်သည် အိမ်ဈေးတန်းသို့ ထွက်သွားကြရာ သိန်းငှက်နှင့်သိန်းစွန်ညီနောင်နှစ်ပါးကို တွေ့ကြလေ၍ တစ်ခုသော မုန့်ဆိုင်တွင် သူငယ်ချင်းလေးယောက်သည် စကားတပြောပြောနှင့် မုန့်တီစားနေကြလေ၏။

သိန်းစွန်သည် ဤသို့ပြောလေ၏။

'ကျွန်တော်တို့တော့ဗျာ၊ တောရွာမှာသွားပြီး နေရတော့မယ်...'

'ဘာကြောင့်တုံးဗျ...'

mgyoe.com

mgyoe.com


'ခမည်းတော်ဘုရားက မြို့မှာနေတာ ရှုပ်တယ် လူပျက်တာကြောင့် နင်တို့ညီအစ်ကိုနှစ်ယောက်ကို တောရွာပို့ထားမယ်တဲ့'

'ဟုတ်တယ်ဗျာ တော်တော်ခက်နေတယ်...'

'ပို့ပေစေဗျာ ကျွန်တော်တို့လည်းလိုက်နေမယ်...'

'တကယ်ပြောတာလား ကိုဝဏ္ဏ...'

'ဟုတ်တယ် တကယ်ပြောတာ...'

'ကျွန်တော်လည်း လိုက်မယ်ဗျာ...'

'တကယ်လား ကိုသစ္စာ...'

'အို တကယ်ပေါ့ဗျ...'

'လာဗျာ အရည်းဆရာတော်ဘုရားထံ ဗေဒင်မေးသွားကြရအောင်...'

ထိုသို့ပြောဆိုကြ၍ အိမ်ရှေ့မင်း၏ သားတော်နှစ်ယောက်၊ နန်းရင်းဝန်ကြီး၏ သားတစ်ယောက်၊ စစ်သေနာပတိကြီးတို့ သားတစ်ယောက်တို့သည် သာမန်သော အရည်းတစ်ပါးထံမှာ သွားရောက်ဗေဒင်မေးကြလေ၏။

အရည်းကား ဇာတာနေ့ရက်စသည်တို့ကို မတွက်စစ်ဘဲ ၎င်းတို့၏ အင်္ဂါရုပ်ကိုကြည့်၍ဤသို့ဟောလေ၏။

'ဟော့ မင်းတို့နှစ်ယောက်က ရာဇဝတ်ကောင်ဖြစ်ဖို့ ဆံခြည်တစ်ပင်လောက်လိုတော့တယ်...'

'အမှန်ဟောတာပါလား ဘုရား...'

'အေး... ငါမှန်မှန်ဟောတယ်၊ မင်းတို့လေးကောင်စလုံး သချိုင်းကိုသွားနေကြတယ်။ ဟိုအကောင်နှစ်ကောင်က ရှေ့က နင်တို့နှစ်ကောင်က နောက်က...'

'ယာယီလုပ်လို့မပျောက်နိုင်ဘူးလား ဘုရား...'

mgyoe.com

mgyoe.com


'ဟဲ့ ဆင်မည်းကို ထုံးသုတ်ပြီးဆင်ဖြူတော်လုပ်စီးတာလိုနေမှာ ပေါ့...'

'ခက်တယ် ဘုရား...'

'ဘာလဲ ရွှံ့ထဲလူးပြီးမှ ရွှံ့ပေတာကို ညည်းရသေးသလား...'

'တပည့်တော်တို့ကိုကယ်ပါ...'

'အေး နားထောင်။ ငါ ဒဏ္ဍာရီတစ်ခုပြောပြမယ်၊ ဒဏ္ဍာရီဆိုတာ ဟာ မဟုတ်တာကိုပြောတာ ကြားလား။ ဒါပေမဲ့ လိမ္မာပြီးသိတတ်တဲ့ လူမှာ ပညာရှိနှင့် သူတော်ကောင်းပညာရှိ သူတော်ကောင်းဖြစ်ရန် အကောင်းဆုံးဆိုတဲ့ အထောက်အပံ့တစ်ခု ကြားလား...'

'တင်ပါ့...'

နင်တို့က မဟုတ်တာကို ကြံဖန်ပြောတယ်လို့ ဆိုချင်ဆိုမှာ။ ငါက မှန်တာကိုပြောမယ်။ နင့်အဖေကလူပျို၊ နင့်အမေအပျို ရည်းစားဖြစ်ကြ တော့ နင့်အမေလောင်းကမျှော်၊ နင့်အဖေလောင်းကလည်းသွား ဒါနှင့် ရကြပြီးတော့ နင်တို့ကို မွေး။ ဒါဟာမှန်တာပဲ ဘာကျေးဇူးရှိသလဲ နားထောင်။

'တင်ပါ့...'

'ပုဂံပြည်ကြီးမှာ ကြာကေသီမိဖုရားရယ်လို့ ရှိတယ်...'

'ဘယ်မင်းလက်ထက်ကပါလဲ ဘုရား...'

'သည်အကောင် ဒဏ္ဍာရီဆိုတာပဲ... ဘယ်မင်းလက်ထက်က ရမလဲ အဲဒီမင်းလက်ထက်က ငါမှမမွေးသေးဘဲ...'

'တင်ပါ့၊ တင်ပါ့၊ တင်ပါ့...'

ကြာကေသီမိဖုရားကလေးက မိဖုရားငါးပါးမှာအငယ်ဆုံး၊ ချော လည်းအချောဆုံး မင်းကြီးကလည်း ဒါကြောင့် သူ့ထံပါးမှာ အမြဲခစား စေတယ်။ ဒါပေမဲ့လို့...

mgyoe.com

mgyoe.com


'တင်ပါ့...'

'နားထောင်ဦး...'

ရှင်ဘုရင်၊ မိဖုရားဆိုတာတွေဟာ ရယ်စရာဝတ္ထုချည်းတွေကြား လား...

'တင်ပါ့...'

အပါယ်လေးပါးမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ရယ်လို့ ရှိတယ်။ အဲဒါမှာ ငရဲဆိုတာ ထောင်သားကိုခေါ်တယ်မှတ်ထား၊ တိရစ္ဆာန် ဆိုတာ မင်းတို့လိုအကောင်တွေကို ခေါ်တယ်ကြားလား။ ဘာကြောင့်လဲ ဆိုတော့ လင်ရှိမယားနှင့် တိတ်တိတ်ပုန်းရနေလို့၊ ရဖို့ရန် ချောင်းနေလို့၊ ဟိုနွားကျွဲဆိုတာတွေက ဟိုဘဝတုန်းက ဝန်ကြီးတွေ၊ အရာရှိကြီးတွေ၊ သူဌေးတွေ။ မင်းမှုထမ်းတွေ၊ လူချမ်းသာတွေဆိုပေါ့ကွယ်။ ဆင်းရဲသား တွေကို နှိပ်စက်ခဲ့လို့ ဝိပါက်လည်ပြီးခံနေတော့ ရှင်ဘုရင်နှင့် မိဖုရားက ပြိတ္တာနှင့်အသူရကာယ်ကွယ်၊ မင်းတို့သဘောမကျဘူးပေါ့...

'မကျပါဘုရား...'

'အေး နားထောင် နောင်တော့ကျလိမ့်မယ်...'

ရှင်ဘုရင်ဆိုတာ မိဖုရားရဲ့အဆောင်တော်ကို မှန်မှန်ကူးရတယ်။ မကူးရင် မိဖုရားက ရှင်ဘုရင်ကိုထုတယ် ကြားလား။ မိဖုရားဆိုတာ ဘာမှအလုပ်မရှိဘူး။ လင်နေဖို့၊ လင်ငယ်နေဖို့၊ ဒါဟာ သူတို့အလုပ် ကြားလား။

'တင်ပါ့...'

အဲဒီတော့ လင်ငယ်မနေရတောင် ရှင်ဘုရင်က မိဖုရားအဆောင် တော်တွေ ကူးရရှာရာမှာ တစ်ညနှစ်ဆောင်သာ ကူးနိုင်တယ်။ မင်းရှင် ဘုရင်ဟာ မောဟိုက်ပြီး ဝတ်လဲတာပဲ။

ရယ်ကြ၏။

mgyoe.com

mgyoe.com


'ဟော့ မရယ်ကြနှင့် နင်တို့က ငယ်သေးတယ်။ မသိတတ်သေးဘူး။ သည်လိုမောနေလို့ ရှင်ဘုရင်ဟာ မအိပ်ရဘူး။ ည၌သုံးယံမှာ တစ်ယံသာအိပ်ရတယ်။ အဲသည်တော့ အိပ်ချင်ရက်နှင့် မအိပ်ရ။ ပြီးတော့လည်း သူ့ လူလာသတ်မှာကို ကြောက်နေရ မင်းတို့လို မုန့်တီဝယ်စားချင်ပေမယ့် ဝယ်မစားရ။ စားတော်ကဲက ပေးမှစားရ။ မင်းတို့လို ကြက်သားဟင်းချက်ပြီး ပျော်ပွဲစားချင်ပါတယ် ဆိုပေမယ့် မစားရ၊ အဲဒီတော့ ရှင်ဘုရင်ဟာ ပြိတ္တာတစ်လှည့် ခဏခဏဖြစ်နေရတယ်...

'တင်ပါ့၊ တင်ပါ့၊ တင်ပါ့...'

'တင်ပါ့...'

မိန်းမဆိုတာ ညစဉ်လင်နှင့်ကြည်ပြီး တိတာခယာနေချင်တယ် ကြားလား၊ မိန်းမနှင့်နေတာ ကမ္ဘာ့ရန်သူမှတ်ထား၊ မိန်းမဆိုတာ ကြာသပတေးနံ နေဆိုတာ စနေနံ၊ ဒါကြောင့် ကြာသပတေးနှင့်စနေကို ရန်။ မတည့်ဘူးလို့ ဗေဒင်ဆရာအကျော်ကဝိမော်ပညာရှိတို့က ယူဆတယ်။ ဘာကြောင့်ဆိုတော့ ငါပြောပြမယ်။ လင်မယားရကြတော့၊ နေဝင်စေချင်လှပြီ။ ဟောနေကမဝင်နိုင်။ မိန်းမနှင့်နေနှင့်ရန်ဖြစ်ပြီ။ ညကျတော့ အိပ်ကြပေါ့လေ။ မိန်းမက သူ့လင်နှင့်မထဘဲ တိုးပြီးအိပ်ချင်တာနှင့် မိုးမလင်းစေချင်။ ဟောနေက ထွက်လာတော့ မိန်းမနှင့်နေရန်ဖြစ်ကြပြီ ဒါကြောင့် ကြာသပတေးနှင့် စနေဟာ ရန်သူကြားလား...

'တင်ပါ့၊ တင်ပါ့၊ တင်ပါ့၊ တင်ပါ့...'

'မိဖုရားက နေ့စဉ်သူ့အဆောင်ထဲကိုလာစေချင် လာပြီးတော့ ကြာကြာနေစေချင် ရှင်ဘုရင်ကလည်း မတတ်နိုင်။ ဟော မိဖုရားတွေ လင်လိုချင်ဇောနှင့် မောပြီးလင်တော်နေကြရတယ်။ ဒါကြောင့် မိဖုရားတွေဟာ ပြိတ္တာမတွေ...'

'တင်ပါ့...'

mgyoe.com

mgyoe.com


'ကြာကေသီတို့လို ကောင်မဆိုတော့ မိဖုရားအငယ်ဆုံးကိုး။ နေ့အချိန် ဘုရင့်အပါးမှာနေရပေမယ့် နေ့အချိန်ကြောင့် နေနှင့်သာ သူဟာ ရန်ဖြစ်ပြီး ကြွရုံတင်ပါးကိုယမ်းရုံမှတစ်ပါး မတတ်နိုင် ညဆိုတော့ တစ်လတစ်ခေါက်လောက်သာ လာရောက်တော့ ကြာကေသီ တာရှည် ဘာနေနိုင်မလဲ နန်းရင်းဝန်ကြီးသားနှင့် လင်ငယ်နေပါရော့ကွယ်...'

'ဟာ ကိုယ်တော်နှယ်...'

'ဟဲ့အကောင် ဒါဟာ ဒဏ္ဍာရီနှင့် နင့်အမေးရတာလို တကယ် အဖြစ်အပျက်မဟုတ်ဘူး...'

'တင်ပါ...'

'သည်လိုနေရပေမယ့် ခိုးကြောင်ခိုးဝှက်ဆိုတော့ ဘယ်မှာအားရမလဲ၊ ဒါကြောင့် သေနာပတိသားနှင့် လင်ငယ်နေပြန်ပါရောကွယ်...'

'ဟာ ကိုယ်တော့်နှယ်...'

'ဟဲ့အကောင်တွေ ဒါဟာ ဒဏ္ဍာရီ... ဒဏ္ဍာရီဟဲ့...'

"တင်ပါ"

'ကောင်မက မိဖုရားအရသာသိလာပြီး မညှိသောအမဲသားကို လင်ငယ်ဟု ခေါ်သည်တာကို ကြာကေသီကောင်းကောင်းကြီး နားလည်သွားပြီး...'

'တင်ပါ...'

'ဒါကြောင့် ကြာကေသီက အိမ်ရှေ့မင်းရဲ့သားနှစ်ယောက်ထံ လှည့်လာပြန်တာပေါ့...'

'ဟာ ကိုယ်တော် ဒဏ္ဍာရီကလည်း နေရာမကျပါဘူး...'

'ဟဲ့အကောင်တွေရယ် ဒဏ္ဍာရီဟဲ့ နားထောင် အဘိဓမ္မာတတ်မှ နားထောင်ကောင်းတာ ခုဟာက တရားကြောင်းကိုပြောရတုန်း...'

'တင်ပါ...'

mgyoe.com

mgyoe.com


'ဒါမျိုးဆိုတာ ဘယ်လုံမလဲ ခွေးသေကောင်ကို ဘယ်လောက်လုံခြုံတဲ့ ခြုံကြားမှာ လင်းတဟာသိတာပဲ ဘာကြောင့်လဲဆိုတော့ ခွေးသေကောင်ဟာ ပုတ်ရော ပုတ်တော့ ယင်တလောင်းလောင်းနှင့် နေရော။ သည်တော့ကျီးကန်းက မြင်ပြီးကျရော နောက်လင်းတကမြင်ရော။ သည်လိုပဲ မဖုံးနိုင်လို့ ပွမယ်ထင်တော့ နန်းရင်းဝန်ကြီးရဲ့သား သူ့ဆီက အပြန်မှာ သေနာပတိရဲ့သားကိုသတ်စေတယ်။ သေနာပတိရဲ့သား အပြန်မှာ လူပျိုတော်သားတစ်ယောက်ကို သတ်စေတယ်။ ဟောမစိဘူးလား... သည်လိုနှင့် လူတွေကိုကြာကေသီဟာ သတ်နေတယ်။ ဒဏ္ဍာရီဆုံးပြီ မင်းတို့ဘာမေးမလဲ...'

'တပည့်တော်တို့ကို ယာယီ ယတြာဆင်ပေးပါ ဘုရား...'

'ယာယီ ယတြာဆိုတာ လူရဲ့လိမ္မာခြင်းကိုခေါ်တယ်မှတ်ထား။ မင်းတို့ အခုတော့ ရွာမှာသွားနေရင် ဘေးကင်းမယ်ထင်လို့ သည်အချိန်က အဟောထွက်နေတယ်...'

'တင်ပါ့ ဘုရား...'

*

နေပြည်တော်၌ကား အိမ်ရှေ့မင်းသည် ဉာဏ်ပညာနှင့်စောင့်ထိန်းကာရှိနေလေ၏။ အိမ်ရှေ့မင်းသည် (၁) မိန်းမလင်ငယ်နေသည်ကို မသိအပ်သည်တစ်ပါး၊ (၂) အစေခံက ခိုးစားသည်ကို မသိအပ်သည်တစ်ပါး၊ (၃) ဆေးသမား၏ ဆေးနည်းကိုခုသိအပ်သည် တစ်ပါး၊ (၄) ဟင်းခင်းတဲ၌ ဝဲပေးသည်ကို မသိအပ်သည်တစ်ပါးဟု အောက်မေ့ကာ နေပြည်တော်ကို ငြိမ်ဆိမ်အောင်အုပ်ချုပ်ထားလေ၏။

နောင်တော်ဘုရင်မင်း မင်းခွေးသည်ကား တောကစားလျက်ရှိရာတွင် တော၌ အလွန်ပျော်လျက်ရှိ၏။ တစ်နေ့သော်... တောဝက်ကြီး

mgyoe.com

mgyoe.com

တစ်ကောင်ကိုလိုက်ရာ မမိနိုင် မမိနိုင်ဖြစ်သဖြင့် တောနေ အရည်းဆရာတော်တစ်ပါး၏ သင်္ခမ်းသို့ရောက်သွား၏။ အရည်းနှင့်ဘုရင်သည် အာလာပသလ္လာပစကားများကို ပြောနေရာ တောဝက်ကြီး၏ အကြောင်းသို့ ရောက်သွားရာ ယက္ခိုက်ကဝင်၍ ဤသို့ပြောလေ၏။

'ဟာ... တောဝက်ကိုပဲ၊ ဂရုတစိုက် အရှင်လိုသလား၊ အသေလိုသလား...'

'အမောင် ငါကား မောလှပြီ။ မြားလည်းကုန်ပြီ...'

'ကောင်းပြီ အရှင်မင်းကြီး အလိုရှိသောတောဝက်ကိုသာ ပြတော်မူပါ...'

ဘုရင်မင်းခွေးသည် ယက္ခိုက်ကိုခေါ်၍ တောဝက်များကိုရှာ၏။ ဘုရင်မင်းခွေးလိုသော တောဝက်ကို ယက္ခိုက်သည် လိုက်ဖမ်း၍ ဘုရင်မင်းအား အရှင်ဆက်၏။ ထို့ကြောင့် မင်းခွေးသည် ယက္ခိုက်ကို အလွန်သဘောကျလေ၏။

ထို့ကြောင့် တစ်နေ့တွင် ဤသို့ပြောဆိုနေလေ၏။

'အရည်း အရှင်ယက္ခိုက်ကိုထည့်တော်မူလိုက်ပါ ချီးမြှင့်မြှောက်စားပါမည်။'

'ဒကာ ငါကားထည့်၏။ သူ့အားမေးပါ...'

'အမောင်လိုက်မယ် မဟုတ်လား...'

'မလိုက်လိုပါ ဘုရား...'

'အလို... ဘယ့်နှယ်ကြောင့်လဲ ငါ မောင်မင်းကို သူကောင်းမြှောက်မယ်...'

'နေပြည်တော်ကို ကြောက်စရာတွင် ရွှေနန်းတော်ကိုသာ၍ ကြောက်ပါသည် ဘုရား...'

'ဘာကြောင့်လဲ မောင်မင်း...'

mgyoe.com

mgyoe.com


'ဘုရင့်နေပြည်တော်ဆိုသည်မှာ တစ်ဦး၏အကြောင်းကို တစ်ဦးက မကောင်းပြော၍ သူနာမှ ငါသာမည်ဆိုသော လူစားတို့သာလျှင်ပါသော ကြောင့်ပါ ဘုရား...'

'မောင်မင်း ရာထူးနှင့်ဖြစ်လို့ ဒါတွေကို ဂရုမစိုက်သင့်...'

'မှူးကြီး၊ မတ်ကြီး၊ ဝန်ကြီး၊ မှူးထမ်းရာထမ်းဆိုသည်ကား သူ တစ်ပါး၏အကြောင်းကို မကောင်းပြောဆို၍ ကိုယ်၏ကောင်းစားရေးကို စဉ်းလဲမှုဖြင့် ရှာဖွေနေသောသူတို့သာများပါသဖြင့် နောင်ရာဇဝတ်တော် လှန်ရေးကို ထောက်တွေးကာ ကြောက်ရွံ့လှပါသည် ဘုရား...'

'ငါ သင့်အား ဤအရည်းရဟန်းရှေ့တွင်ပင် ဘေးမဲ့ကိုပေးပြီ...'

'ရွှေဘုန်းတော်ရှင် နားဆင်တော်မူပါဦး ဘုရား...'

'တင်...'

'အမှုတော်ထမ်းတို့ထက် နန်းတွင်းကသာ၍ ရှုပ်ပါသည်ဘုရား၊ ထိုနန်းတွင်းတွင် မိဖုရားများကသာ၍ရှုပ်ပါသည် ဘုရား။ ထို့ကြောင့် အကြောင်းကြောင်းကို တွေးတောကာ ကြောက်ရွံ့၍ ဘုန်းတော်ကြီး ဘုရား၏ အချီးအမြှောက်ကို မခံဝံ့ပါဘုရား...'

'အရှင် အရည်း။ အရည်း၏ လူကို နားမှုတ်ပေးတော်မူပါ...'

'ဟေ့ ငယက္ခိုက်ရဲ့ ဘုရင်ကချီးမြှောက်တာကို လက်ခံရတယ် ကွဲ့...'

'ကိုယ်တော်အရှင် လိုက်ပါခဲ့သော် တပည့်တော် လိုက်ဝံ့ပါမည် ဘုရား...'

'ယက္ခိုက်ရဲ့ ရွံ့ရင်လပ်ပြီး၊ ရဲရင်အပ်တာချည်းပဲ...'

'ကိုယ်တော်လိုက်ခဲ့ပါ ဘုရား...'

'ကိုင်း အရည်းစ အရှင်ကိုပါ ပင့်ချီ၍ ကိုးကွယ်ပါမည် လိုက်ခဲ့

mgyoe.com

mgyoe.com


တော်မူပါ...'

*

ထိုကဲ့သို့လျှင် ဘုရင်မင်းခွေးသည် အရည်းရှင်နာဂိန္ဒနှင့် ၎င်း၏ သားတော်ယက္ခိုက်ကို နေပြည်တော်သို့ ဆောင်ယူသွားလေ၏။

*

ယက္ခိုက်သည်ကား မြင်းရေး၌ အလွန်တော်သော ယောကျ်ားဖြစ်၏။ ထို့ကြောင့် ယက္ခိုက်အား မင်းကြီးသည် မြင်းတော်ခံအကြီး ရာထူးဖြင့် ချီးမြှင့်လေ၏။

ထိုအခါ ယက္ခိုက်သည် ဆင်းရဲသူမ၏သား။ သူတစ်ပါးအိမ်တွင် ကိုယ်နေကြေးနှင့်နေရာမှ ကောင်းစားလာသဖြင့် မိမိဘဝကိုမိမိ တင်းတိမ် ရောင့်ရဲခြင်း ရှိနေလေ၏။

'ယက္ခိုက်ကား တောတွင် ယာခုတ်ကာ ယာခင်းစောင့်နေခဲ့ရ ခြင်း...'

သူ့ကျွန်အဖြစ်နှင့် မြင်းကျောင်းနေခဲ့ရခြင်းတို့ကြောင့် မြွေမှုတ်မှု အတတ်၌ ကောင်းစွာတတ်သည့်ပြင် ဒုံမင်းတီးခြင်းအတတ်ကိုလည်း ကောင်းစွာတတ်လေ၏။

ယခုအခါ၌ကား ယက္ခိုက်သည် ၎င်း၏အဆင့်အတန်းနှင့်အညီ ကောင်းစားပြီဟုဆိုရသောကြောင့် ၎င်း၏ မိခင် အမေကြီးတို့ကို သူ၏ အထံသို့ခေါ်၍ ကောင်းစွာပြုစုထားလေ၏။

တစ်နေ့သော် ယက္ခိုက်သည် သူ၏မိခင်နှင့် ဤသို့ပြောဆိုနေကြ လေ၏။

'မောင်ရယ်... အေးစိန်ကလေးဟာ သိပ်ကိုသနားစရာ ကောင်းပါ တယ်...'

mgyoe.com

mgyoe.com


'သူလာပြီးတော့ ဘာတွေကို ပြောသလဲ...'

'မောင်ဟာ သည်လိုတိတ်တိတ်ထွက်သွားတာ မကောင်းတဲ့အကြောင်း၊ သူ့ကို တော်လှန်လိုတဲ့နေ့မှာ တော်လှန်ပါ၊ ပြောပါလို့ကို အမေကကိုဆိုပါတယ်လို့ မျက်ရည်စက်လက်နှင့်လာပြီး ပြောပါတယ်...'

'ဟုတ်ပါတယ်...'

'ဒါနှင့်ပဲ မောင်ရယ်...'

'အရည်း ဆရာတော်ရဲ့ စကားကို နားထောင်ရလို့ ယခုလိုလုပ်မိတာပါ...'

'မောင်ရယ်... အရည်းဆရာတော်ကို သတိထားပါ။ အရည်းဆရာတော်ဟာ ယခုခေတ်မှာ အတော့်ကို သတိထားစရာ ပုဂ္ဂိုလ်ပါ...'

'ယခုလည်း သူ့ကြောင့် မင်းကြီးရဲ့နောက်ကိုပါလာပြီး သည်ရာထူးကို ရပါတယ်...'

ဟုတ်တယ် အမေ့သား၊ ဒါဟာ ရုတ်တရက်ကြည့်တော့ ဝမ်းသာစရာ။ အရည်းဆရာတော်ကို ကျေးဇူးတင်စရာပါပဲ...'

'ဝမ်းသာစရာ၊ ကျေးဇူးတင်စရာပဲမဟုတ်လား အမေရယ်...'

'သည်လို သေသေချာချာစဉ်းစား...'

'ဟုတ်ကဲ့...'

'မောင်ဟာ သူကြွယ်ကြီးအိမ်မှာ တော်လှန်ချင်တဲ့အချိန်မှာ တော်လှန်နိုင်တယ်။ တော်လှန်ပြီးတဲ့နောက်မှာလည်း အေးစိန်နှင့် သူကြွယ်ကြီးရော သူကြွယ်ကတော်ကရော သဘောတူတယ်။ အဲဒီတော့ မောင်ဟာ ယခုအခြေထက်မသာပေဘူးလား..'

'ယခုလည်း အမေရယ်...'

အေးလေ မောင်ကြံဦး...'

*

mgyoe.com

mgyoe.com

ယက္ခိုက်သည် အလုပ်အားသောအချိန်၌ ၎င်း၏ဆရာ အရည်း ဆရာတော်ထံသို့ သွားရောက်လေ၏။

'ဟော့ မောင်ယက္ခိုက်ဘာလဲ...'

'တိုင်ပင်စရာရှိလို့ပါ ဘုရား...'

'ဘာလဲကွ...'

'တပည့်တော်ဟာရှာပြန်ပြီး သူကြွယ်သမီးနှင့် လက်ထပ်ရင် သူကြွယ်ကြီးဖြစ်မှာပါ ဘုရား...'

'အတော်မိုက်တဲ့အကောင်။ နိဗ္ဗာန်ပြ ခွေးဖင်မြင်ဆိုတာ မင်းလို အကောင်ပဲ မှတ်ထား...'

'တင်ပါ့...'

'တောင်ကြီးဖဝါးအောက်တဲ့...'

'တင်ပါ့...'

'လှိုင်းကြီးလှေအောက်တဲ့၊ ဒါကိုပဲ ဘယ်လောက် ချမ်းသာချမ်းသာ မင်းမှုထမ်းရဲ့ အောက်ကချည်း မှတ်ထား၊ မင်းမှုထမ်းများဟာ ရှင်ဘုရင့် အာဏာအရ အလုပ်ကိုလုပ်ရလို့ အစိုးရရဲ့ တာဝန်အလုပ်ကို လုပ်နေ သမျှကာလပတ်လုံး ရှင်ဘုရင်ပဲ။ ဒါကြောင့် အစိုးရအလုပ်အား လုပ်နေ သူကို လုပ်နေသူအား မည်သူမဆို ရိုသေရတယ်။ မင်း မှတ်ထား သိပ်ကို ညံ့တဲ့အကောင်...'

'တင်ပါ့...'

'ဒါပဲ... မဟုတ်လား...'

'ရှိပါသေးတယ် ဘုရား...'

'လျှောက်စမ်းကွယ်...'

'တပည့်တော်၊ တပည့်တော်တို့ရွာက သူကြွယ်ကြီးရဲ့သမီး အေးစိန် နှင့် လက်ထပ်မယ်ကြံပါတယ် ဘုရား...'

mgyoe.com

mgyoe.com


'နေဦး၊ ငါစဉ်းစားပြီး တွက်ချက်ကြည့်ဦးမယ်...'
'တင်ပါ့...'

*

ထိုခေတ်သည်ကား ဘုရင်ခေတ်ဆိုရစေကာမူ အရည်းရဟန်းတို့သည် လူများတို့၏အပေါ်၌ ဩဇာလွှမ်းမိုးကာနေသောကြောင့် အရည်းများကို ဘုရင်မင်းများပင် မထိမဲ့မြင် မလုပ်ဝံ့ပေ။ ထို့ကြောင့် ထိုခေတ်များသည် အရည်းများ၏ခေတ်ဆိုသော် မှားနိုင်ဖို့မမြင်ပေ။

ထိုအရည်းဆရာတော်သည် ကုက္ကိုတောင်ပဲ့ရွာမှာရှိစဉ်က သူကြွယ်ကြီးအပေါ်၌ မကျေနပ်ချေ။ သူကြွယ်ကြီးသည် ခေါင်းမာလျက် အိမ်ထောင်ပြုစဉ်ကလည်း အရည်းဆရာတော်ထံ ပန်းဦးမလွှတ်ခဲ့၊ သမီးအရွယ်ရောက်သောအခါမှာလည်း သူ့သမီးနှင့်မပူဇော်၊ ထို့ကြောင့် ထိုသူကြွယ်ကြီး၏ ကောင်းစားမှုကို လိုလားဟန်မတူပေ။ ထိုသဘောကြောင့် အရည်းဆရာသည် ယက္ခိုက်နှင့် အေးစိန်ထိမ်းမြားလက်ထပ်ဖို့ရန် မည်သည့်နည်းနှင့်မျှ သဘောတူနိုင်လိမ့်မည် မဟုတ်ပေ။

ယက္ခိုက်သည်ကား ထိုအရည်းဆရာတော်၏ အလိုကိုပယ်ရှား၍ လုပ်ကိုင်ဆောင်ရွက်ဝံ့မည်လော၊ ယက္ခိုက်သည် အရည်းဆရာ၏ အကြံအစည်ပေါ်ကို လိုက်နာလုပ်ကိုင်ခြင်းဖြင့် ခေတ်တွင် ကောင်းစားအံ့လော၊ ကောင်းစားခဲ့လျှင်လည်း ချီးကျူးဖွယ်ရာ အကောင်းဟု မှတ်ပုံတင်ဖွယ်ရာ ဖြစ်ချေသတတ်ပါလော...

လောက၌ ကောင်းစားခြင်းသည် အမျိုးမျိုးရှိလေသည်။ အချို့မှာ အဖေကိုသတ်၍ဘုရင်ပြုလုပ်သည်။ ထိုသူသည် ဘုရင်ဖြစ်ခြင်းကြောင့် ချီးကျူးစရာ။ ထောမနာပြုစရာလော၊ အချို့မှာ သူခိုးကိုပြုလုပ်ခြင်းဖြင့် ကောင်းစားလေသည်။ ထိုကောင်းစားခြင်းကို ချီးကျူးစရာပေလော။

mgyoe.com

ကောင်းစားခြင်းသည် လိမ္မာသောအားဖြင့်လည်းကောင်း၊ မိုက်သောအားဖြင့်လည်းကောင်း ကောင်းစားနိုင်၏။ ထို့အတူ ယုတ်သောအကျင့်အားဖြင့်လည်းကောင်း၊ မြတ်သောအကျင့်အားဖြင့် လည်းကောင်း ကောင်းစားနိုင်၏။ အချုပ်အားဖြင့် အောက်လမ်းအားဖြင့်လည်းကောင်း၊ အထက်လမ်းအားဖြင့်လည်းကောင်း ကောင်းစားနိုင်၏။

လူတို့သည် မည်သည့်နည်းနှင့်မဆို ကောင်းစားလျှင် ကောင်းစားခြင်းပဲ။ ကောင်းစားခြင်းကိုချီးကျူးရမည်၊ အမွှမ်းတင်ရမည်ဆိုသော် ထိုလောကသည် သာယာအေးချမ်း တင့်တယ်သောလောက ဖြစ်နိုင်ပါ့မလား...။

ဝတ္ထုကြောင်းကား သို့ကလိုပါတည်း။

မင်းကြီး မင်းခွေးကား တစ်နေ့သောညတွင် မိဖုရားငယ် မာယာကေသီအဆောင်သို့သွားရောက်လေရာ ကေသီသည် တရှုပ်ရှုပ်နှင့်ငိုလျက်နေ၏။ မင်းကြီးခွေးကား ဤသို့မေး၏။

'ကေသီ ဘာကြောင့်ငိုသလဲ၊ ဘာဖြစ်သလဲ...'

'မေးတော်မမူပါနဲ့...'

'အလို ဘာလဲ ကေသီ...'

'ကိုယ်တော်ဟာ မိကေသီကို နည်းနည်းမှ မချစ်ဘူး...'

'မချစ်ဘူးလို့ဟယ်၊ နင့်ကို ငါအင်မတန်ချစ်လို့၊ ငါ့အပါးမှာ အမြဲစားပြီးနေစေတာပဲ...'

'ကေသီသိတယ်၊ ဘုရား ကျွန်မကေသီကို ချစ်တယ်ချစ်တယ်နှင့်ပျားရည်နှင့်ဝမ်းချပြီးနေတာလို၊ ခိုင်းချင်တာနှင့် အပါးတော်တွင်ထားတာပါ။ ညအချိန်ကျတော့ အရေးမပါ အရာမရောက်လို့ အဆောင်တော်မကူးလာတော့ဘူး၊ မျှော်လို့မော၊ မောလို့သေ၊ ကိုယ်တော်က ဂရုမစိုက်၊ မသထာတာကို မိ... ကေ... သီ သိပါတယ်' ထိုသို့ဆိုကာ ကေသီသည်

mgyoe.com

mgyoe.com

တရှုပ်ရှုပ်နှင့် ရှုပ်နေလေ၏။

'ကိုင်းပါကွယ်။ နင့်ကို ငါချစ်ပါတယ် တကယ်ချစ်ပါတယ်' ဆိုပြီးလျှင် ဘုရင်မင်းကြီးခွေးသည် ကေသီကို ပွေ့လိုက်လေ၏။ ထိုနေ့၌ကား မင်းကြီးသည် အတော်ညနက်မှ ကေသီ၏အဆောင်တော်မှ ပြန်တော်မူလေ၏။

နံနက်လင်းသော် ကေသီသည် လက်ပါးစေအပျိုတော်တစ်ယောက်အား အရည်းထံ ဗေဒင်မေးလွှတ်လေ၏။

လက်ပါးစေလည်း များစွာသော လက်ဆောင်ပဏ္ဏာများနှင့် အရည်းဆရာထံသွားရောက် ဗေဒင်မေးလေ၏။ အရည်းဆရာလည်း ဤသို့မေးတော့၏။

'ဟယ်... နင်ဘယ်ကလဲ...'

'တပည့်တော်မ မိဖုရား ကေသီ့ထံကပါဘုရား...'

'ဘာမေးမလဲ...'

'မ ဖုရားက သူဟာ မိဖုရားခေါင်ကြီးဖြစ်နိုင်ပါ့မလားတဲ့ ဘုရား...'

'အေး... ငါကြည့်ဦးမယ်...'

အရည်းသည် မိဖုရား၏ ဇာတာကိုယူ၍ ကြည့်ရှုစစ်ဆေးဟန်နှင့် ခဏနေပြီးနောက် ဤသို့ပြောလေ၏။

'အင်း... မိဖုရားခေါင်ကြီးဖြစ်ရမယ်။ ကြံစရာရှိရင် ရဲရဲကြံ...'

'ခု မဖုရားကို ဘုရင်မင်းမြတ်က အခြားမိဖုရားကြီးများလို ကောင်းကောင်းမချစ်ပါ ဘုရား...'

'အင်း... လျှောက်တင်လိုက် ကြားလား...'

'ဘယ်လိုလျှောက်တင်ရမှာလဲ ဘုရား...'

'အတွင်းဒါနများကိုပြုရင် ဘုရင်မင်းမြတ်ပိုမိုပြီး သဒ္ဓါတော်တိုးကာ ချစ်လာမှာပဲ...'

mgyoe.com

mgyoe.com

'ဘယ်လိုအတွင်းဒါနများ ပြုရမှာလဲ ဘုရား...'

'အေး၊ ငါပြောသလိုသာတင်လိုက်၊ နင့်မိဖုရားသိလိမ့်မယ်...'

ကေသီ၏လက်ပါးစေလည်း ပြန်၍အရည်းဟောလိုက်သည့်အတိုင်း မိဖုရားကေသီအား ပြန်ကြားလျှောက်ထားလေ၏။

ကေသီကား ထိုဟောချက်ကို အကွက်ကျနားလည်၏။

မိဖုရားကေသီ၏နာမည်မှာ ကေသီဖြစ်၏။ မိဖုရားတစ်ပါး၏ သမီးတော်ဖြစ်၏။ ၎င်း၏အသွေးအရည်မှာ နန်းတော်သူအပေါင်းကို ဖုံးလွှမ်း၍လှ၏။ ၎င်းကို မင်းကြီးကအထူးနှစ်သက်၍ အပါးတွင် အမြဲခစားစေသောကြောင့် အခြားမိဖုရားများနှင့် နန်းတွင်းသူများက ကေသီသည် မာယာမူ၌ အလွန်လည်ပတ်၍တတ်သည်။ ထို့ကြောင့် မင်းကြီးသည် ကေသီကို အခြားမိဖုရား၊ နန်းတွင်းသူတို့ထက် ပိုမိုကာ သဒ္ဒါပွားလျက် အချစ်ထားသည်ဟု မာယာကေသီဟု ဘွဲ့တပ်ထားကြ၏။

ထိုသဘောကိုလည်း ကေသီသည်သိ၏။ သိသော်လည်း ဂရုမထားချေ...

တစ်နေ့သောအခါ မင်းကြီးခွေးသည် မိဖုရားများကို စုဝေး၍ ဤသို့မိန့်တော်မူလေ၏။

'အဘယ်မိဖုရားများ ယခုအရှေ့ဥယျာဉ်တော်၌ ငါတောမှ ပင့်ချီလာခဲ့တဲ့ အရည်းဆရာတော်အား မပြတ်မလပ် ပူဇော်ကြပါ...'

မိဖုရားများသည် မှန်လှပါဘုရားဟုဆိုကြရာ၊ ကေသီသည် ဤသို့တည်တော့၏။

အရင်နန်းတော်က ကိုးကွယ်ထားတဲ့ အရည်းတွေလည်း အရှိသားပဲ၊ ခုမှပေါ်ထင် ရွှေကြာပင် အသွင်တာပါပဲ။

'ဟဲ့ ကေသီ...'

'ဘုရား...'

mgyoe.com

mgyoe.com


'ဘယ့်နှယ်...'

'အထူးပူဇော်ရန် လိုမယ်မထင်ပါဘုရား...'

'ဟဲ့ ကောသီရဲ့၊ သည်အရည်းဟာ တောမှာကျင့်သုံးနေတဲ့ အရည်း၊ ငါမရမကပင့်လို့ လိုက်ပါလာတာ'

'ဘုရား ကျွန်မတော့ အထူး သဒ္ဒါမပိုနိုင်ပါ ဘုရား...'

'အင်း မိဖုရားများက မလစ်ဟင်းကြပါစေနှင့်...'

'မှန်လှပါ ဘုရား...'

*

နောက်တစ်နေ့သော် မင်းကြီးသည် ထိုအရည်းဆရာတော်ထံသို့ သွားရောက်လေ၏။ ဤသို့လည်း ပြောဆိုဆွေးနွေးတော်မူလေ၏။

'အရည်းဆရာ၊ အသက်ရှည်ကြောင်း၊ အားရှိကြောင်းလိုပါတယ်။ ဘယ်လိုဆေးဝါးများကို မှီဝဲရပါမလဲ'

'ဆတ်ချိုနုရရင်အားရှိ၊ အသက်ရှည်တဲ့ဆေး ရနိုင်မှာပဲ...'

'ဆတ်ချိုနုရဖို့တော့ ခဲယဉ်းပါတယ်...'

'ဆတ်ချိုနုမရရင်လည်း သမင်ချိုနုရရင်ဖြစ်နိုင်ပါတယ်'

'ခက်တော့ အတော်ခက်တာပဲ...'

'ငယက္ခိုက်နှင့်သာသွားရှာပါ ရနိုင်ကောင်းပါတယ်...'

'မြင်းတော်ခံကြီးနှင့် တိုင်ပင်ဦးမှပဲ...'

'ရနိုင်ပါတယ် စိတ်ချပါ...'

*

မင်းကြီးကား တိုင်းရေးပြည်ရေးကို အိမ်ရှေ့မင်းနှင့်သာ လွှဲအပ်ထား၍ ထိုကဲ့သို့သောအကြောင်းများနှင့် တောကစားမှု၌သာ အားထုတ်

mgyoe.com

mgyoe.com


ကာရှိနေလေ၏။

နောက်တစ်နေ့သော် မင်းကြီးသည် မြင်းတော်ခံ ယက္ခိုက်ကိုခေါ်၍ ဤသို့တိုင်ပင်ဆွေးနွေးလေ၏။

'မြင်းတော်ခံ...'

'ဘုရား...'

'ငါဆတ်ချိုနုလိုတယ်...'

'သည်အရပ်မှာ ဆတ်မရှိလို့ အတော်ခက်ပါတယ် ဘုရား...'

'အင်း သမင်တော့ပေါတယ်...'

'မှန်လှပါ့...'

'သမင်ချိုနုတော့ရနိုင်မယ်ထင်တယ်...'

'ဘုန်းတော်ကြောင့် ရကောင်းပါလိမ့်မယ် ထင်ရပါတယ် ဘုရား...'

'အင်း မကြာမီ တောကစားသွားမယ်။ မှူးမတ်များအနည်းငယ်မျှ လောက်ပဲ ခေါ်ပါ...'

*

ဘုရင်မင်းကြီးခွေးသည် တောကစားထွက်တော်မူမည်ဖြစ်၍ မိဖုရားများကိုခေါ်တော်မူပြီးလျှင် ဤသို့အမိန့်တော်သတ်မှတ်ခဲ့လေ၏။

ငါနေပြည်တော်သို့ ပြန်ရောက်သည့်တိုင်အောင် အရည်းရဟန်းအား မိဖုရားများသည် တစ်လှည့်စီသွားရောက်၍ ဆွမ်းကပ်ကြရမည်။ ငါ ယက္ခိုက်ကို တောကစားသွားရာသို့ ခေါ်သွားမည်။

'ကိုယ်တော်ဘုရား...'

'တင် မိဖုရားခေါင်ကြီး...'

'ခေါင်ကြီးတော့ အရွယ်လည်းထောက်ပါပြီ ဒါကြောင့် ကေကေ ကိုပဲ ခေါင်ကြီးအစား လွှတ်ပါရစေ...'

mgyoe.com

mgyoe.com

'ဘယ့်နှယ် ကေသီ…'

'ခေါင်ကြီးဖုရားအတွက်တော့ ကေကေမှာ ငယ်ရွယ်သူဖြစ်သဖြင့် မမရဲ့အတွက်ကိုလည်း ကေကေပဲ ဆောင်ရွက်ပေးပါ…'

'ကေသီတော့ မမဖုရားတို့အလိုကျ ဆောင်ရွက်ပေးရမှာပါပဲ ဘုရား။ ခုကရိုးရိုးပဲ ရွှေဘုန်းတော်ရှင် ဘုရား…'

'ဘာလဲ ကေသီ…'

'ဘုရားကျွန်တော်မျိုးကတော့ အထူးမသဒ္ဓါပါဘူး။ သမားရိုးကျ အရည်းများအပေါ်၌ စေတနာအတိုင်းသာထားနိုင်ပါမည် ဘုရား…'

✱

ဘုရင်မင်းမြတ်ကား သမင်ချိုနှအလို့ငှာ တောကစားထွက်တော်မူလေ၏။

မိန်းမများ၏ ဆန်းကြယ်ပုံကိုဖော်ပြလျှင် မိန်းမများက ဒေါသပုန်ထမည်။ ယောကျ်ားများ၏ ဆန်းကြယ်ပုံကိုရေးသော်လည်း ယောကျ်ားများသည် လျစ်လျူပြုတတ်သည်။ သို့သော် မိန်းမများ၏ ဆန်းကြယ်ပုံကို ရေးလျှင် ယောကျ်ားမည်သည် ဘယ်လိုပဲထုချေထုချေ သိလိုသူတို့များပေမည်။ ယောကျ်ားများ၏ ဆန်းကြယ်ပုံကိုကား မိန်းမများသည် သိလိုစေကာမူ လျှို့ဝှက်၍သာ လေ့လာတတ်ချေသည်။

မိန်းမများ၏ ဆန်းကြယ်ပုံကိုရေးသော် အမျိုးများမှာဖြင့် ခက်ကရော်ပေါ့ဟု သဘာဝကို မလေ့လာဘဲ ဆိုတတ်သည်။ သို့သော် ဥပမာစကားတစ်ခုကို စဉ်းစားဖို့လိုပေမည်။

ဝက်သားကို မစားဖူးသောသူသည် ဝက်ကိုမြင်ရုံနှင့်ပင် ရွံရှာစက်ဆုပ်သည်။ သို့သော် ဝက်သားကိုစားဖူးသောသူသည် ဝက်ကြီးမစင်စားနေရာ၌မြင်လျက်နှင့်ပင် ဝက်၏ သုံးထပ်သားများအား နှစ်သက်

mgyoe.com

mgyoe.com


သည်ကို မန်းရွှေပြည်မင်းတုန်းမင်းခေတ် သီပေါမင်းတရားခေတ်တို့က ဖော်ပြလျက်ရှိချေသည်။

ဤဝတ္ထု၌ မာယာကေသီမိဖုရားကလေးသည် မိဖုရားခေါင်ကြီး ကိုယ်စားတော် မိမိ၏လက်ပါးစေများနှင့် အရည်းဆရာဘုရားထံ ဆွမ်းပို့ ရန်သွားရောက်လေပြီ။

'ငါနှင့်သာတွေ့စမ်းစေ သူဘာသေမို့လဲ သေခါနီးဆဲဆဲသည်ဟာကို မြင်သော် အူရှင်ကာရှူးဆော်၍မြူးပျော်ပြီး နှဲ့လိုသောကြောင့် ဟိုဟာလေး အလှအပကို ခပ်ကြွကြွဖေးမလျက် ပြလက်ဆောင် ဆက်လိုက်မည်' သဘောသွားနှင့် မာယာကေသီကိုယ်တိုင် အရည်းအား ဆွမ်းပြင်ကာ ကျွေးလေတော့ပြီ။

အရည်းသည် ဆွမ်းစားစဉ်ခဏ၌ လက်ပါးစေများကို ဝေးရာ၌ နေစေ၍ မာယာကေသီထမီကို ခပ်မမကလေး ခပ်ကြွကြွစွန်တောင်ဆွဲ ကာ အရည်း၏နေရာအခန်းထဲ၌ ပြုပြင်ဖန်တီးပေးရန်အသွား အရည်း လည်းအကြည့် ဖြစ်နေသဖြင့် အရည်းဆရာသည် ဆွမ်းလုပ်ကိုယောင် ရမ်းကာ နှာခေါင်းသို့ခွံ့မိတော့၏။ ၎င်းကို မာယာကေသီက မိသွား၍ ခပ်ထေ့ထေ့ကလေးနှင့် မိန်းမဌေ့ ဤသို့ပေးလိုက်လေတော့ပြီ။

'ကိုယ်တော်ဘုရား၊ ဆွမ်းနှင့်ဟင်းက ဝေးဝေးမှပင် မွှေးကြိုင်လှ ပါတယ် ဘုရား...'

အရည်းကား အတော်ကလေးငိုက်မှား၍ စိုက်သွားကာရှိလေတော့ ပြီ။ မာယာကေသီကား မာယာကေသီဆိုသည့်အတိုင်း အရည်း၏အခန်း ထဲတွင် ပြင်ဆင်ပြီးသော် ထွက်လာရာ၌ စွန်တောင်ဆွဲထမီ၏ အကြွကို အတော်ကလေးမထားကာလာသဖြင့် အရည်းသည် ရုတ်တရက် ဆွမ်းဝ သွားပြီးသော် ကေသီကိုသာ ငေးကာနေလေတော့၏။

မာယာကေသီကား အရည်း၏ မနီးမဝေးမှ မိဖုရား၏ သဘာဝ

mgyoe.com

mgyoe.com

အတိုင်း ပြုံးပြုံးကလေးနှင့် ကြုံ့ကြုံ့ကလေးတီကာ စကားမည်သို့မျှမသာဘဲ အလှအာရုံနှင့်သာ အရည်းကိုဆွဲသကဲ့သို့ ရှိနေရှာလေ၏။

ထိုသို့နှင့် ကေသီသည် လက်ပါးစေတို့အား ဆွမ်းတော်ပွဲကို သိမ်းစေပြီးသော် နန်းတော်သို့ ပြန်လေ၏။

အရည်းသည်ကား ပန်းဦးစားယောကျ်ားဖြစ်လာခဲ့၍ သူ၏အလှေအားဖြင့်သာ အခိုက်အတန့်ကို ကြံဆကာနေလေ၏။

နောက်တစ်နေ့သော် ကေသီသည် မြောက်နန်းမတော်ဘုရားကိုယ်စား အရည်းရဟန်းထံဆွမ်းကပ်ရန်လာရပြန်၏။ ထိုနေ့၌ ကေသီ၏ ဝတ်လွှာပုံမှာ ရင်စီးမပါသောကြောင့် အရည်းသည် ဆွမ်းကိုပင်ဖြောင့်ဖြောင့်စားနိုင်ဟန်မတူပေ။

အရည်းသည် ဆွမ်းစားပြီးနောက် မိဖုရားနှင့် ဤသို့စကားပြောဟောနေလေ၏။

'အရှင်ဘုရား အင်္ဂါဝိဇ္ဇာကို တတ်ကျွမ်းပါရဲ့လား...'

'တတ်တယ် ဒကာမ...'

'တပည့်တော် မိဖုရားခေါင်ကြီးဖြစ်နိုင်ပါဦးမလား ဘုရား...'

'ဖြစ်နိုင်တယ်။ ဖြစ်ရမယ်...'

'ဘုရင်မင်းမြတ်က တပည့်တော်မအား ချစ်နှစ်သက်တော် မမူလှပါဘုရား...'

'စွဲလမ်းတပ်မက်ချစ်နှစ်သက်ရမယ်ပေါ့...'

'မမျှော်လင့်တော့ပါ ဘုရား'

'ဟုတ်ရိုးလားမိဖုရား လူတို့မှာ ရှေ့ကပြုဖူးခဲ့သော ကုသိုလ်ကံရှိသည်။ ကုသိုလ်ကံသာလျှင် လူတို့အားအကျိုးပေးပေသည်။ ထို့ကြောင့် သည်ဘဝမှာ ကုသိုလ်ကောင်းမှုကိုပြု၍ ရှေးဘဝကပြုခဲ့သော ကုသိုလ်ကံနှင့် ဆက်ပေးရမည်။

mgyoe.com

mgyoe.com

ဒါမှ အကျိုးပေးနိုင်သည်။

'သည်ဘဝမှာလည်း တပည့်တော်မ ကောင်းမှုဒါနများကို မပြတ်ပြုခဲ့ပါသည် ဘုရား...'

'မိဖုရား၊ မိဖုရားလျှောက်ထားတာဟာမှန်တယ်။ သို့သော် ဒါနမှာ အပဒါန၊ အတွင်းဒါနရယ်လို့ နှစ်မျိုးရှိတယ်။ အတွင်းဒါနကမှ တူတဲ့ အကျိုးကို မြန်မြန်ကြီးပေးနိုင်တယ်...'

'အတွင်းဒါန ဘယ်လိုပြုရပါ့မလဲ ဘုရား...'

လူတို့မှာ၊ သတ္တဝါတို့မှာ ကာမမေထုန်ဟာ အရသာအရှိဆုံး အမွှန်မြတ်ဆုံးဟု အယူရှိကြသည်။ ထိုကာမမေထုန်မှုကို လှူခြင်းသည် အမြတ်ဆုံးသော အတွင်းဒါနဖြစ်၍ လိုအပ်သောအကျိုး၊ အသင်မိဖုရား လိုအပ်သောအကျိုးကို ဘုရင်က သဒ္ဒါတော်မူသဖြင့် ချက်ချင်းရနိုင်ဖို့ ရှိပါသည်။

'ဟင်... ဒါတော့...'

သဒ္ဒါမရှိရင်လည်းနေလေ။ တရားတော်ရှိတာကို ဟောတာ။ ခပ်သိမ်းသော အပဒါနထက် အတွင်းဒါနသည် မြတ်၏တဲ့။ သည့်ထက် အတွင်းကျသောဒါနများ ရှိသေးသလား...'

မာယာကေသီကား မချိုမချဉ်ကလေးပြုံးတုံးတုံးနှင့် နေလေ၏။ ထိုနေပုံသည် အရည်း၏ နှလုံးအိမ်အတွင်းမှာ ဝင်ကာဖုံးနေလေတော့၏ ။

ထိုနေ့တွင် ကေသီသည် ထိုမျှနှင့်ပင် နန်းတော်သို့ ပြန်လေ၏။

နောက်တစ်နေ့တွင်ကား အရှေ့မိဖုရားသည် အရည်းအား ဆွမ်းခဲဖွယ်များတို့နှင့် လာရောက်ပူဇော်လေ၏။ ထိုနေ့ညနေစောင်း၌ မာယာကေသီသည် အရည်းတော်အား လက်သုံးတော်နှစ်ယောက်နှင့် လာရောက်ကာ မုဒရက်ရည်ကို လာရောက်လှူဒါန်းရာ လက်သုံးတော်

mgyoe.com